မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်နိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဧရာဝတီတံတား(ရတနာသိယ်) တည်ဆောက်ရေး Bored Pile လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီး

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဧရာဝတီတံတား(ရတနာသိယ်)တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၁၃ ရက် နံနက် ၈ နာရီခွဲက စစ်ကိုင်း-ရွှေဘိုကားလမ်း ကတ္တရာခင်းခြင်းနှင့် လမ်းချဲ့ခြင်း၊ Box Culvert များ တည်ဆောက်ခြင်းတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကာ ဧရာဝတီတံတား (ရတနာသိယ်)လုပ်ငန်းခွင်၌ ချဉ်းကပ်လမ်း နှစ်ဖက်စလုံး ပွင့်လင်းရာသီတွင် ကတ္တရာလမ်းခင်းနိုင်အောင် ကြိုတင်ဆောင်ရွက်ထားရန်နှင့် ပစ္စည်းအလေအလွင့်မရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အထူးအလေးထားဆောင်ရွက်ရန် မှာကြားသည်။



ကြည့်ရှုစစ်ဆေး

ထို့နောက် တံတားတိုင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ရေယာဉ်များသတ်မှတ်ထားသည့် ရေလမ်းကြောင်းမှ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် ကျောက်မြောင်းဘက်ကမ်းချဉ်းကပ်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေနှင့် ချဉ်းကပ်လမ်းတံတား တည်ဆောက်နေမှုလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲရုံး တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအားတွေ့ဆုံကာ လုပ်ငန်းခွင်ကျွမ်းကျင်ရန် သင်တန်းများတက်ရောက်ရေး၊ မိမိတို့ တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းများ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရေး စသည်ဖြင့် မှာကြားခဲ့သည်။

ဆက်သွယ်တည်ဆောက်

ဧရာဝတီတံတား(ရတနာသိယ်)သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲ နွယ်ငြိမ်းကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် စဉ့်ကူးမြို့တို့ကို ဆက်သွယ်တည်ဆောက်ထားပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်နှင့် သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ကာ စုစုပေါင်းတံတားအရှည်ပေ ၂၄၈၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက် သုံးပေစီပါရှိ၍ ရေလမ်းကင်းလွတ်အကျယ် ပေ ၃၂၀ နှင့် အမြင့် ၄၇ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

၎င်းတံတားကြီး တည်ဆောက်ပြီးစီးပါက ဧရာဝတီမြစ်အရှေ့ဘက်ကမ်း စဉ့်ကူးမြို့မှတစ်ဆင့် မန္တလေး-မတ္တရာ-ဗန်းမော်-မြစ်ကြီးနားလမ်းမှ ကချင်ပြည်နယ်သို့လည်းကောင်း၊ ဖော့တောလမ်းဆုံမှ မိုးကုတ်သို့လည်းကောင်း၊ တွင်းငယ်လမ်းဆုံနှင့်

စာမျက်နှာ ၈ ကော်လံ ၄ ◆

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ကော့မှူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးကော်မတီဝင်များအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ဆင်းရဲသူများကို ရင်းနှီးစုဆောင်းငွေများ ထုတ်ပေးခြင်းမှာ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နိုင်ရေးအတွက်ဖြစ်

ရန်ကုန် ဩဂုတ် ၁၄

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပြီး ကွမ်းခြံရပ်ကွက် ရေဘေးသင့်အိမ်ထောင်စု ၅၁ စုအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆန်ဖိုးထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်သည်။

တွေ့ဆုံ

ဆက်လက်၍ ကော့မှူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ခင်တို့နှင့်အတူ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသနေဆင်းရဲသူများအား အလုပ်အကိုင် ရှာဖွေဖန်တီးပေးမှုသည် အရေးကြီးသော အချက်ဖြစ်ကြောင်း၊ ဆင်းရဲသူများကို ရင်းနှီးစုဆောင်းငွေများ ထုတ်ပေးခြင်းမှာ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နိုင်ရေးအတွက်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီဝင်များသည် မိမိတို့တာဝန်ယူ ဆောင်ရွက်နေသည့် ကဏ္ဍများအလိုက် မြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း စသည်တို့ကို အင်တိုက်အားတိုက် ကူညီဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့်

စာမျက်နှာ ၃ ကော်လံ ၅ ■

စစ်တောင်း၊ ဝေါနှင့် သံလွင်မြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၁၄

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၈၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၁၃ စင်တီမီတာ(၃ ဒသမ ၇) ပေခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဝေါန်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၄၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၂ စင်တီမီတာ (၀ ဒသမ ၄)ပေခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ဘားအံမြို့တွင် ၈၃၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈၉ စင်တီမီတာ (၃ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၁၅ ရက်)

အသိအမြင် ဗဟုသုတကြွယ်ဝရေး စာကောင်းပေမွန်များဖတ်ရှုလေ့လာ

စာအုပ်စာပေသည် လူ့မိတ်ဆွေဖြစ်သည်။ စာပေသည် လူမှုစီးပွားဘဝမြင့်မားမှုကို အထောက်အကူပြုသည်။ စာပေသည် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှုကို ပေးစွမ်းသည်။ ခေတ်အမြင်၊ ခေတ်အသိကို မြင့်မားတိုးတက်စေသည်။ စာပေသည် ထိရောက်သော မီဒီယာလက်နက်ဖြစ်သည်။

ကလောင်သွားသည် ဓားသွားထက် ထက်သည်ဟု ဆိုစမှတ်ပြုကြသည်။ ကလောင်သည် ဓားလက်နက်ကဲ့သို့ ခုတ်ထစ်ပိုင်းဖြတ်နိုင်စွမ်းမရှိ။ သို့သော် လူတို့၏စိတ်ကို လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းရှိသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် အမျိုးသားစာဆိုများ၊ စာပေပညာရှင်များသည် စာပေစွမ်းအားဖြင့် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြသည်။ စာပေလက်နက်ဖြင့် တိုင်းရင်းသားညီအစ်ကိုများကို စည်းရုံးနိုင်ခဲ့သဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိကာ တိုင်းတစ်ပါး ကျူးကျော်နယ်ချဲ့မှုကို တွန်းလှန်နိုင်ခဲ့သည်။

စာများများဖတ်သူသည် အသိအမြင် ဗဟုသုတကြွယ်ဝစေသည်။ စဉ်းစားဆင်ခြင်တုံတရား အားကောင်းသည်။ အမှားအမှန် ဝေဖန်ပိုင်ခြားနိုင်စွမ်းရှိသည်။ အမှားကိုရှောင်၍ အမှန်ကိုဆောင်နိုင်သူသည် လူလိမ္မာဖြစ်သည်။ စာပေဖတ်သူများသည် မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခေတ်နောက်မကျန်ခဲ့၊ ကမ္ဘာနှင့်အမီ ရင်ပေါင်တန်းလိုက်နိုင်ပြီး တိုးတက်ဖြစ်ပေါ်မှုများကို သိရှိရသည်။ ခေတ်အမြင်၊ ခေတ်အသိ ဗဟုသုတများ တိုးပွားရရှိစေသည်။

စာပေသည် ယဉ်ကျေးမှုအနုပညာ၏ အသက်သွေးဖြစ်ပြီး အသိအလိမ္မာ၊ ဉာဏ်ပညာထွန်းကားရေးအတွက် အထောက်အကူပြုသည့် မီးရှူးတန်ဆောင်လည်းဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး၊ ဇာတိသွေး၊ ဇာတိမာန်ထက်မြက်ရေး၊ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ရေး၊ လူ့ကျင့်ဝတ်နှင့်အညီ ကျင့်ကြံနေထိုင်နိုင်ရေးတို့အတွက် စာပေများက ညွှန်းဆိုလမ်းပြနိုင်သည်။

သို့ဖြစ်ပေရာ စာပေဖတ်ရှုခြင်းသည် ဉာဏ်ပညာထက်မြက်စေပြီး ကြီးပွားတိုးတက်မှုကို ရရှိစေသည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ" "အလိမ္မာစာမှာရှိ" ဟူသော စကားများသည် စာဖတ်ခြင်း၏ တန်ဖိုးကို ဖော်ညွှန်းပြဆိုလျက်ရှိသည်။ နိုင်ငံတော် တည်ဆောက်ရေးတွင် အဓိကကျသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုဖြစ်ထွန်းလာစေရေးအတွက် လည်းကောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်းကောင်း၊ ကမ္ဘာနှင့်အမီ ရင်ပေါင်တန်းလိုက်နိုင်ရေးအတွက်လည်းကောင်း ပြည်သူများအားလုံးသည် အသိအမြင်ဗဟုသုတ ကြွယ်ဝစေရန် စာကောင်းပေမွန်များကို ဖတ်ရှုလေ့လာသင့်ကြပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဟိုပန်မြို့နယ်၌ မူလတန်းကျောင်းဆောင်သစ်ဖွင့်

ဟိုပန် ဩဂုတ် ၁၄

ဟိုပန်မြို့ ရုံးကုန်းအခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ အလျားပေ ၈၀၊ အနံပေ ၃၀ရှိ အုတ်ညှပ် သွပ်မိုး အင်္ဂတေခင်း တစ်ထပ်ကျောင်းဆောင်သစ် အဆောက်အအုံကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျင်ဝမ်း၊ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ အဖွဲ့ဝင်ဦးစိုင်းလှဖေနှင့် မြို့နယ်ပညာရေးမှူး ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းက ဗလာစာအုပ်ဒါဇင် ၆၀ နှင့် သုံးခန်းတွဲ အိမ်သာဆောက်လုပ်ရန် ငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ကေတောမ်ဘူက လက်ခံယူသည်။ ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးနှင့် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဝင် ဦးစိုင်းလှဖေတို့က အမှာစကားပြောကြားပြီးနောက် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးခြင်းအတွက် ကျောင်းအကျိုးဆောင်ကော်မတီဥက္ကဋ္ဌ ဦးအိုက်ပလုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ (၄၀၂)

ပေါင်းစနစ်ဖြင့် မိုးစပါးပျိုးထောင်ခြင်း အမရပူရ၌ သရုပ်ပြပွဲကျင်းပ

မြစ်ငယ် ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ကွင်းအမှတ် (၅၈၈/ဂ) ရှိ တောင်သူဦးတင်ထွန်း၏ လယ်မြေ ၁၀ ဧကတွင် ဆင်းသုခ မိုးစပါး သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းသရုပ်ပြပွဲကို ဇူလိုင် ၂၆ ရက်က ကျင်းပရာ အဆိုပါသရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်က သိပ္ပံနည်းကျ စပါးစိုက်ပျိုးနည်းစနစ် ၁၄ ချက်ကို ရှင်းလင်းဆွေးနွေးသည်။

လက်တွေ့ပျိုးထောင်

ထို့နောက် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်ဇော်က မျိုးစေ့များ စနစ်တကျ ပျိုးထောင်ထားရှိသဖြင့် ပျိုးပင်များသန်မာထွားကျိုင်းလာပြီး ပင်ပွားများရရှိခြင်းတို့ကြောင့် ပျိုးသက် ရက် ၂၀ တွင် စိုက်ပျိုးနိုင်ကာ တစ်ဧက တင်း ၁၀၀ ကျော် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြီး စိုက်ပျိုးရေးဝန်ထမ်းများက လက်တွေ့ပျိုးထောင်ခြင်းကို သရုပ်ပြသခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (ဝ၅၃)

ဩဂုတ် ၄ရက်က ကျိုက်လတ်မြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရွှေလတ်ဇရပ်ပန်းခြံအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (၁၃၃)

ပညာရည်ချွန်ဆုပေးပွဲ ရွှေပြည်သာ၌ကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပညာရေးဌာန၏ ၂၀၁၀-၂၀၁၁ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက အထက(၁)ရွှေရတနာခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုဆုချီးမြှင့်

အခမ်းအနားတွင် တစ်မြို့နယ်လုံးတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အမှတ်အများဆုံးရရှိခဲ့သော မထက်ထက်လင်း(ဆပသ-၈၆၂) ဒသမတန်း(A) အထက(၃) **(အောက်ပုံ)** နှင့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူး ဦးလှရီက ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၁၂၉)

ရန်ကုန်-ပုသိမ် ကားလမ်းဘေး မြေယာရှင်းအလှပြုပြင်

ညောင်တုန်း ဩဂုတ် ၁၄

ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရန်ကုန်-ပုသိမ်ကားလမ်းဘေး တာကျွေ့လမ်းဆုံတွင် ပန်းအလှပြုပြင်ခြင်း၊ စတီးလ်လက်ရန်းတပ်ဆင်ခြင်းနှင့် မြေယာရှင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးညွန့်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးသန့်ဇော်လွင်တို့ ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစန်းယုလှိုင် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆည်မြောင်း တာတမံတည်ဆောက်ရေး နည်းပညာရပ်များ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေး ရှာဖွေလေ့လာဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဩဂုတ် ၁၃ ရက် နံနက် ၁၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းရွာအနီးရှိ သိပ္ပံနည်းကျ တောင်သူပညာပေး အထူးအထွက်တိုး စံပြစပါးစိုက်ခင်း ဧက(၅၀) စိုက်ကွင်းသို့ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဌာနဝန်ကြီး ဦးတင်စိုးနှင့်အဖွဲ့က ကျောက်တံခါးမြို့နယ်အတွင်း သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ပြန့်ပွားနိုင်ရေးဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီးအတွင်း မိုးစပါးစိုက် ဧကသိန်း(၃၀) ကျော်ရှိသည့်အနက် ယခုမိုးရာသီတွင် ဧက(၃၀၀၀)ကျော်အား ပေါင်စနစ်ဖြင့် သိပ္ပံနည်းကျ စိုက်ပျိုးဆောင်ရွက်အကောင်အထည်ဖော်နိုင်ခဲ့မှုနှင့် ပျမ်းမျှတစ်ဧက တင်း(၁၀၀) ထွက်ရှိရန် သေချာနေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လက်ဆင့်ကမ်း

ပြည်ထောင်စုဝန်ကြီးက တောင်သူများ လက်တွေ့အကျိုးရှိမည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များဖြင့် ပြသစည်းရုံးနေသည့်အပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် လက်ရှိ ဧက(၃၀၀၀)မှ ဧကသိန်း(၃၀)လုံးအဆင့်သို့ နည်းစနစ်ပြန့်ပွားနိုင်ရေး တောင်သူအချင်းချင်း လက်ဆင့်ကမ်း ပညာပေးစည်းရုံးရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်ခဲ့ရသည့် လယ်များကို အချိန်မီအစားထိုးစိုက်ပျိုးနိုင်ရေးအတွက် ပထမနည်းလမ်းအနေဖြင့် လက်ရှိရေလွှမ်းမိုးခြင်း မရှိသေးသော စိုက်ခင်းများမှ သက်တမ်းမရင့်သေးသည့် ရက် ၃၀မှ ၄၀ရက်သား သက်တမ်းရှိ ကောက်ပင်များ၏ သားတက်များကို စနစ်တကျခွဲ၍ ချက်ချင်းခွဲ ချက်ချင်းစိုက်ခြင်းအားဖြင့် တစ်ဧကစိုက်ခင်းမှ (၁၀)ဧက စိုက်ခင်းအထိ တိုးချဲ့ပွားယူ စိုက်ပျိုးနိုင်မှုကို ၃၀ ရက်သားခန့်အရွယ်ရှိ စပါးပင်တစ်မြုံမှ သားတက်များခွဲ၍ ဆောင်ရွက်နိုင်ခြင်းဖြင့် လက်တွေ့ပြသ ရှင်းလင်းသည်။

အစားထိုးစိုက်ပျိုး

ဒုတိယနည်းလမ်းအနေဖြင့် ရေကြီးနစ်မြုပ်ခြင်းမရှိသေးသည့် ကြခင်းများမှ ကျပ်သိပ်ပေါက်နေသော စပါးပျိုးပင်များကို ခြောက်လက်မခြားချန်ပြီး ကျန်အပင်ငယ်များကို စနစ်တကျသားခွဲ၍ စိုက်ပျိုးခြင်းအားဖြင့် အချိန်မီ ပျိုးပင်လိုအပ်ချက်ကို ယင်းနည်းလမ်းဖြင့်လည်း အစားထိုးစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

တတိယနည်းလမ်းအနေဖြင့် ရက် ၉၀ခန့် သက်တမ်းတိုမျိုးများကို ရွေးချယ်ပြီး သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်၍ ၁၄ ရက်သား ပျိုးပင်များဖြင့် စနစ်တကျ အချိန်မီ စိုက်ပျိုးခြင်း နည်းလမ်းတို့ကို ကျင့်သုံးသွားရန် ဆွေးနွေးသည်။

ထိုမှတစ်ဆင့် ပဲခူးမြို့နယ် မယင်းကျေးရွာအနီးရှိ သိပ္ပံနည်းကျ အထူးအထွက်တိုး တောင်သူပညာပေး စံပြစပါးစိုက်ခင်း ဧက(၅၀)သို့ရောက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီး ဦးတင်စိုးက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လယ်များနစ်မြုပ်ခဲ့မှုနှင့် နှစ်စဉ်ရေကြီးမှုကာကွယ်နိုင်မည့် လက်ရှိတည်ဆောက်နေသော ကိုဒူကွဲဆည် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းအပြင် ရေကြီးမှုများကာကွယ်ပေးနိုင်မည့် စလူရေလှောင်တမံနှင့် ရွှေလောင်း ရေလှောင်တမံတို့ တည်ဆောက်ပေးနိုင်ရေးအတွက် တင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုများအတွက် ဦးစားပေး ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ထားရန်နှင့် ရန်ပုံငွေလိုအပ်ချက်ကို နိုင်ငံတော်သို့ အထူးကိစ္စရပ်အနေဖြင့် တင်ပြဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားပြီး ဖြစ်ထွန်းအောင်မြင်နေသော စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းတို့သည် ညနေ ၃ နာရီတွင် ပဲခူးမြစ်ကူးတံတားသစ်၌ ပဲခူးမြစ် ရေလျော့ကျလာမှုကို ကြည့်ရှုကြပြီး ရေကြီးနစ်မြုပ်နေသော စပါးခင်းများအတွက် မျိုးစေ့ လိုအပ်ချက်တင်း(၅၀၀)ကို ပြည်ထောင်စုဝန်ကြီးက ပေးအပ်လှူဒါန်းသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ပဲခူးမြို့ ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ သင်တန်းကျောင်းသို့ ရောက်ရှိရာ သင်တန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးဦးဇော်မင်းထွဋ်က သင်တန်းများဖွင့်လှစ်မှုကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က သင်ထောက်ကူပစ္စည်း လိုအပ်ချက်များကို ဖြည့်စွက်တင်ပြသည်။

မှာကြား

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆည်မြောင်းတာတမံ တည်ဆောက်ရေးနည်းပညာရပ်များ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေး ရှာဖွေလေ့လာစူးစမ်းမှု ဆက်လက်ဆောင်ရွက်သွားကြရန်နှင့် ထူးကဲမိုးရွာသွန်းမှု အပါအဝင် သဘာဝဘေးကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကိုတွက်ဆပြီး တာတမံများ ရေရှည်တည်တံ့ခိုင်မြဲရေး ပညာရှင်များ ဆောင်ရွက်ကြရန်နှင့် ဒေသနှင့် ကိုက်ညီမည့် သီးနှံအမယ်များအပေါ် စနစ်တကျ ရေစီမံခန့်ခွဲမှုနည်းပညာ (Water Management)ဖြင့် တောင်သူလယ်သမားများအား ထိရောက်စွာ အကျိုးပြုနိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆွေးနွေးမှာကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပဲခူးမြို့နယ် မယင်းကျေးရွာအနီးရှိ သိပ္ပံနည်းကျ အထူးအထွက်တိုး တောင်သူပညာပေး စံပြစပါးစိုက်ခင်း၌ ဒေသခံပြည်သူများအား ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ဆင်းရဲမှုအညွှန်းကိန်းများကို လျှော့ချနိုင်ကြောင်း၊ ဆင်းရဲသူများကို အသိပညာပေးမှုများ ဆောင်ရွက်ပေးရန်လည်း လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ရှင်းလင်း

ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက အသေးစားပုဂ္ဂလိက ငွေစုငွေချေး လုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကော့မှူးမြို့နယ် ရေဘေးသင့် အိမ်ထောင်စု(၆၂)စုအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆန်ဖိုးထောက်ပံ့ငွေကျပ်၁၂သိန်း ငါးသောင်းကို ပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီးက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အသေးစားပုဂ္ဂလိကငွေစုငွေချေး ငွေကျပ်သိန်း၁၂၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်ပြီး ကျေးရွာများမှ ရင်းနှီးစုဆောင်းငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူးက အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်း ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌများထံ ပေးအပ်သည်။

ကွမ်းခြံကုန်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကွမ်းခြံကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံပြီး ကွမ်းခြံကုန်း ရေဘေးသင့် အိမ်ထောင်စု (၃၇) စုအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆန်ဖိုး ထောက်ပံ့ ငွေကျပ် ခုနစ်သိန်း ငါးသောင်းကို ပေးအပ်သည်။

မှာကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကော့မှူးမြို့နယ် ၎က်အော်စမ်း လူငယ်သင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးပြီး အသက်မွေးဝမ်းကျောင်း ပညာရပ်များ တိုးချဲ့သင်ကြားပေးရေး၊ နှစ်သိမ့်ဆွေးနွေး အကြံပေးမှုများ ထိရောက်စွာ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် တွံတေးမြို့နယ် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာနသို့ သွားရောက်စစ်ဆေးပြီး မိမိကိုယ်မိမိ ယုံကြည်မှုရှိလာပြီး ပြင်ပတွင် ပတ်ဝန်းကျင်နှင့်ဝင်ဆံ့အောင် ဆောင်ရွက်ပေးရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၅)ကြိမ်မြောက် ဆေးပညာအထူးပြု ဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

(၁၅)ကြိမ်မြောက် ဆေးပညာအထူးပြု ဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ Sedona Hotel၌ ကျင်းပမည်ဖြစ်ကြောင်း၊ စိတ်ဝင်စားသူများသည် သက်ဆိုင်ရာဘာသာရပ်များဆိုင်ရာ အဖွဲ့များမှတစ်ဆင့် မှတ်ပုံတင်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၅-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈း၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၅ ၈။ အဆိုပြိုင်ပွဲ
- ၈း၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၄၀ ၁၀။ **International News**
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ အတီးပြိုင်ပွဲ
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (ရသစာပေအရေးအသား အထူးပြု) (ရသစာပေအရေးအသား)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅း၀၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၀ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) ဝါသနာရှင် (ပထမတန်းအဆင့်) (အမျိုးသား၊ အမျိုးသမီး)
- ၅း၄၅ ၁၀။ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန အောက်ရှိတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပညာရေး ကောလိပ်များ ရေကူးပြိုင်ပွဲ (အပိုင်း-၁)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၁၇)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ကမ္ဘာကျော်သရုပ်ဆောင်များ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းသုံးပွင့်ရဲ့ဒိုင်ယာရီ** (အပိုင်း-၁)
- ၂၀။ အစီအစဉ်ပြီး၏။

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ဒုတိယဝန်ကြီး ဦးအေးကြူ ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၁၄

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူသည် ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး ကျောင်းကျန်းမာရေး ရက်သတ္တပတ်လုပ်ငန်းလှုပ်ရှားဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

ထို့နောက် ကျန်းမာရေးနှင့် ပြည့်စုံသူများဖြစ်အောင် ကျန်းမာသန်စွမ်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်သူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ငယ်စဉ်ကပင် ကျန်းမာရေးဗဟုသုတနှင့် အလေ့အကျင့်ကောင်းများ သိရှိဆောင်ရွက်တတ်ရန်လိုကြောင်းဖြင့် ပြောကြားပြီး ပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှတ်(၁)ရပ်ကွက် မြန်အောင်-ကြံခင်းလမ်းမကြီးဘေး ပင်မရေနုတ်မြောင်းမကြီးအား အဖွဲ့ဝန်ထမ်းများဖြင့် ရှင်းလင်းဆယ်ယူနေမှုကို ဇူလိုင် ၆ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့်တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

တပည့်များ ဗလငါးတန်ဖွံ့ဖြိုးအောင် လေ့ကျင့်သင်ကြားပေး

ဆရာ့အရည်အသွေးမြင့်မားရေး အစဉ်လေ့လာဖြည့်ဆည်းနေ

နေပြည်တော် ဩဂုတ် ၁၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းခန်းမ၌ ပျော်ဘွယ်မြို့နယ် ပညာရေးမိသားစုနှင့်တွေ့ဆုံမှာကြားသည်။ (အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မသင်မနေရ အခမဲ့မူလတန်းပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ်ပိုင်သင်တန်းကျောင်းများကို စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေနှင့်အညီ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးလုပ်ငန်းများအတွက် ဝန်ကြီးဌာနပေါင်းစုံနှင့် စေတနာရှင်အသီးသီးတို့က အားပေးကူညီပံ့ပိုးလျက်ရှိကြောင်း၊ ဆရာ ဆရာမများအနေဖြင့် တပည့်များအား ဗလငါးတန်ဖွံ့ဖြိုးအောင် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း၊ တပည့်များ၏ အရည်အသွေးမြင့်မားရေးအတွက် ဆရာ့အရည်အသွေးမြင့်မားနေရမည်ဖြစ်ကြောင်း၊ ဆရာ့အရည်အသွေးမြင့်မားရေးအတွက် အစဉ်လေ့လာဖြည့်ဆည်း နေကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး ကျောင်းဝတ်စုံ အစုံ၅၀ကို ပေးအပ်လှူဒါန်းရာ ပျော်ဘွယ်မြို့နယ် ပညာရေးမှူး ဦးရဲညွန့်က လက်ခံသည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ ဇနီးဒေါ်စန်းလေးညွန့်မိသားစုက ပျော်ဘွယ်မြို့နယ် အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းများရှိ စာကြည့်တိုက်များသို့ ရန်ပုံငွေကျပ် သုံးသိန်းစီကိုလည်းကောင်း၊ ကျီတိုင်ကုန်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ကျောင်းရန်ပုံငွေကျပ်သုံးသိန်း၊ ရွှေညောင်ဖူး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ညောင်ကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ကျောင်းရန်ပုံငွေကျပ် တစ်သိန်းခွဲစီကိုလည်းကောင်း၊ ဘတ္တလက်ပံတော အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ပေကုန်း ကိုယ်ထူကိုယ်ထမူလတန်းကျောင်းတို့သို့ ကျောင်းရန်ပုံငွေကျပ်တစ်သိန်းစီကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့်တာဝန်ရှိသူများက လက်ခံကြသည်။

ဆွေးနွေးမှာကြား

ထို့နောက်တစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ စက်မှုဇုန်ရှိ အမှတ်(၂၇)အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် သဲတောဝမ်းတွင်း အခြေခံပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများအား တွေ့ဆုံကာ သင်ကြားရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သဲတောဝမ်းတွင်း အခြေခံပညာအထက်တန်းကျောင်းအတွက် ကျောင်းဝတ်စုံများကိုလည်းကောင်း၊ ဝမ်းတွင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်နှင့်ဇနီးဒေါ်မိမိတို့က ကျောင်းစိမ်းလုံချည်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အဆိုဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

မဟာဂီတ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	စိန်ခြယ်ခြူးသန်း	(ပတ်ပျိုး)
(ခ)	ဘုန်းမျှားမျှားမင်း	(ပတ်ပျိုး)
(ဂ)	ရွှေပန်းပန်အစချီ	(လေးထွေသံကတ်နှင့်မြင်းခင်း)
(ဃ)	စိန်မြရံခြယ်	(မွန်)
(င)	ဇမ္ဗူကျွန်းလုံး	(သီချင်းခံ)
(စ)	လွမ်းခလေ့	(ပတ်ပျိုး)
(ဆ)	ခွာပြာသင်း	(ပတ်ပျိုး)
(ဇ)	သံသာညိုးညင်း	(သီချင်းခံ)
(ဈ)	သာချင်း (ရာမဇာတ်ဘွဲ့)	(အမျိုးသား)
(ည)	အန်ချင်း (ပထမသင်္ဂါယနာတင်ဘွဲ့)	(အမျိုးသမီး)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	ပန်းမြိုင်လယ်	(ယိုးဒယား)
(ခ)	တောင်ယံတောကြီး	(မွန်)
(ဂ)	ဗိန်းဘုံဘွေ	(ပတ်ပျိုး)
(ဃ)	ရွှေယင်ပေါင်ငွေယင်ပေါင်	(ပတ်ပျိုး)
(င)	ထောင်ရောင်နေကသာ	(သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	သောင်းကျေးဒီပါဝွေ	(မွန်)
(ခ)	မြန်ချာမြေကို	(ပတ်ပျိုး)
(ဂ)	မန်းတောင်လက်ယာ	(ယိုးဒယား)
(ဃ)	ဆဒ္ဒန်အိုင်သာ	(သီချင်းခံ)

၄။ အခြေခံပညာ (၁၅-၂၀)နှစ် (အမျိုးသား၊ အမျိုးသမီး)

(က)	ရွှေဘုန်းတော်နေနှုန်းလျော်	(ဘွဲ့)
(ခ)	ဇေယျာအောင်သံကျူးတရင့်ရင့်	(ပတ်ပျိုး)
(ဂ)	ရွှေတညာ	(ယိုးဒယား)
(ဃ)	ပြည်ပြည်မင်းပေါင်း	(သီချင်းခံ)

၅။ အခြေခံပညာ (၁၀-၁၅)နှစ် (အမျိုးသား၊ အမျိုးသမီး)

(က)	ပန်းတသင်းသင်း	(ပတ်ပျိုး)
(ခ)	ဘုန်းမိုးသွန်းလောင်း	(သီချင်းခံ)
(ဂ)	မြိုင်တန်းမှောင်ဝေ	(ကရင်ဩ)
(ဃ)	နန်းသီဟိုဠ်	(ယိုးဒယား)

၆။ အခြေခံပညာ (၅-၁၀)နှစ် (အမျိုးသား၊ အမျိုးသမီး)

(က)	မြရည်နန္ဒာ	(ဘွဲ့)
(ခ)	ဝေဇယန်နှင့်နှုန်းငြား	(ကြိုး)
(ဂ)	စံရာဘုံမြင့်	(ကြိုး)
(ဃ)	ဝေဇယန္တာ	(ယိုးဒယား)

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

အင်ဒိုနီးရှား၌ ပါပင်ဒါယန်မီးတောင်လှုပ်ရှားလာ ဓာတ်ငွေ့နှင့်မီးခိုးများ ဝေဟင်သို့မှုတ်ထုတ်နေ

ဂျကာတာ ဩဂုတ် ၁၄

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ် ဂါရုဒ်မြို့အနီး ပါပင်ဒါယန်မီးတောင်သည် ဩဂုတ် ၁၃ ရက်က လှုပ်ရှားလာပြီး မီးခိုးများဝေဟင်သို့ မှုတ်ထုတ်နေသဖြင့် အရေးပေါ်သတိပေးချက်အဆင့်-၂ကို ထုတ်ပြန်ထားရကြောင်း ဂျကာတာပို့စ်သတင်းစာတွင် ဩဂုတ် ၁၄ ရက်က ဖော်ပြသည်။ **(အောက်ပုံ)**

မီးတောင်လှုပ်ရှားမှု သတိပေးချက်ကို ဩဂုတ် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီခန့်မှ စတင်ထုတ်ပြန်ခဲ့ပြီး ယခုအခါ သတိပေးချက်အဆင့် တိုးမြှင့်လိုက်ရခြင်းဖြစ်ကြောင်း မီးတောင်နှင့် ဘူမိဘေးအန္တရာယ်ဆိုင်ရာဌာနမှ ထုတ်ပြန်သော သတိပေးချက်၌ ဖော်ပြထားသည်။

တိုက်တွန်း

၎င်းမီးတောင်အနီးဝန်းကျင် နှစ်ကီလိုမီတာ ပတ်လည်အတွင်း ဝင်ရောက်လေ့လာခြင်း၊ ဖြတ်သန်းသွားလာခြင်းမပြုကြရန် ကမ္ဘာလှည့်ခရီးသွားများအားလုံးကို သတိပေးထားကြောင်း မီးတောင်နှင့်ဘူမိဘေးအန္တရာယ်ဆိုင်ရာဌာန အကြီးအကဲ ဆူရိုနိုက အကြံပြုတိုက်တွန်းထားသည်။

တိုးမြင့်လာ

မီးတောင်ထိပ်ဝမှ မီးခိုးနှင့်ဓာတ်ငွေ့များ ပိုမိုထွက်ရှိလျက်ရှိကြောင်း၊ မီးတောင်လှုပ်ရှားမှုမှာလည်း တိုးမြင့်လာကြောင်း၊ ဒေသခံများအနေဖြင့် မီးတောင်နှင့်ပတ်သက်သည့် သတင်းထုတ်ပြန်ချက်များကို အထူးသတိပြုကြရန်လိုအပ်ကြောင်း ဆူရိုနိုက ပြောကြားသည်။ **(အင်တာနက်)**



မိုးမြင့်လင်းလက် ——— ရေးသားသည်

ပိုလန်အလယ်ပိုင်း၌ ရထားလမ်းချော် ခရီးသည်လေးဦးသေဆုံး၊ ၃၀ ဒဏ်ရာရရှိ

ဝါဆော ဩဂုတ် ၁၄

ပိုလန်နိုင်ငံအလယ်ပိုင်းတွင် ဩဂုတ် ၁၃ရက်က ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားရာ ခရီးသည်လေးဦးသေဆုံးပြီး ၃၀ဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းမီဒီယာများက ဩဂုတ် ၁၄ ရက်၌ ဖော်ပြသည်။ **(ဝဲပုံ)**

လမ်းချော်

အဆိုပါ ရထားသည် ဝါဆောမြို့မှ ပိုလန်နိုင်ငံတောင်ပိုင်း ကာတိုဝစ်မြို့သို့ ဩဂုတ် ၁၄ ရက်က မောင်းနှင်လာစဉ် ပီရိုထရက်ကောထရိုင်ဘူနာစကီမြို့အနီးတွင် ရထားလမ်းချော်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တင်ဆောင်မောင်းနှင်လာ

၎င်းရထားပေါ်တွင် ခရီးသည် ၂၈၀ခန့်ကို တင်ဆောင်မောင်းနှင်လာခြင်းဖြစ်ကြောင်း ပိုလန်ရထားပို့ဆောင်ရေးလုပ်ငန်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ရထားလမ်းချော်မှု ဖြစ်ပွားရာသို့ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကုသရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိကာ လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိသည်။ **(အင်တာနက်)**

အိမ်သုံးပစ္စည်းများအတွင်း မူးယစ်ဆေးဝါးများ ထည့်ယူလာ ဗျူနိုအေရီလေဆိပ်၌ သိမ်းဆည်းရမိ

ဗျူနိုအေရီ ဩဂုတ် ၁၄

အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီမြို့ နိုင်ငံတကာလေဆိပ်၌ ပီရူးနိုင်ငံသားတစ်ဦး ယူဆောင်လာသော တင်းနစ်ရိုက်တံတစ်ခု၊ မူလီ **(ယာပုံ)**နှင့် အခြားအိမ်အသုံးအဆောင်ပစ္စည်းများအတွင်းမှ မူးယစ်ဆေးဝါးများကို လေဆိပ်အကောက်ခွန်အရာရှိများက ဩဂုတ် ၁၃ရက်၌ သိမ်းဆည်းရမိခဲ့ကြောင်း အာဂျင်တီးနားရဲတပ်ဖွဲ့က ဩဂုတ် ၁၄ရက်တွင် သတင်းထုတ်ပြန်သည်။

သယ်ဆောင်လာ

၎င်းပီရူးနိုင်ငံသားသည် ခရီးဆောင်အိတ်အတွင်း အိမ်သုံးပစ္စည်းများထည့်သည့် သေတ္တာငယ်အတွင်း၌ မူလီ၊ တံခါးမင်းတုပ်နှင့်အခြားပစ္စည်းများကို အခေါင်းပြုလုပ်ကာ မူးယစ်ဆေးဝါးများထည့်သွင်းပြီး မှောင်ခိုသယ်ဆောင်လာခြင်း ဖြစ်သည်။ ထို့အတူ ၎င်းကိုင်ဆောင်ထားသည့် တင်းနစ်ဘက်တံအတွင်း၌လည်း အခေါင်းပြုလုပ်ကာ မူးယစ်ဆေးဝါးများ ထည့်သွင်းသယ်ဆောင်ခဲ့ခြင်းဖြစ်သည်။

လေဆိပ်အကောက်ခွန်အရာရှိများနှင့် စစ်ဆေးရေးအဖွဲ့များက ပုံဖော်စက်အသုံးပြုပြီး ၎င်းအိမ်သုံးပစ္စည်းများအား ရှာဖွေစစ်ဆေးခဲ့ရာမှ ဝက်အူရစ်များ ပြုလုပ်ကာ မူလီခေါင်းများပိတ်ပြီး အတွင်း၌မူးယစ်ဆေးဝါးများ မှောင်ခိုသယ်ဆောင်လာမှုကို တွေ့ရှိခဲ့ကြရခြင်းဖြစ်သည်။ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများမှာ စုစုပေါင်းအလေးချိန် ၄၅ ပေါင်ခန့်ရှိကြောင်း၊ အဆိုပါ ပီရူးနိုင်ငံသားနှင့် ယင်းမူးယစ်ဆေးဝါးများကို တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့သို့ ပျံသန်းထွက်ခွာမည့် လေယာဉ်ပေါ်မတက်မီ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ အမြို့မြို့အနယ်နယ်တွင် ပေးအပ်

၁၄-၈-၂၀၁၁

ထန်းတပင်မြို့နယ်၌ ပေးအပ်

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၁၀ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစံရွှေက ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာအုပ်စုအတွင်းရှိ ပြည်သူ ၂၄၉ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ဦးထံသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (ဝ၄၈)

ရှင်းလင်းပြောကြား

မလှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဇူလိုင် ၂၄ ရက်က သဘွတ်ကုန်းကျေးရွာအုပ်စုအတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေးနေမှုကို မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဌေးလှိုင်နှင့် မိတ္ထီလာခရိုင် ဦးစီးဌာနမှူး၊ ဒုတိယခရိုင်ဦးစီးမှူးတို့ကကွင်းဆင်းကြည့်ရှုပြီး ညွှန်ကြားရေးမှူးက လျင်လျင်မြန်မြန် ဆောင်ရွက်ပေးနိုင်ရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးနေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်သူများအား ရှင်းလင်းပြောကြားစဉ်။ (ဝ၈၃)

မိုးကုတ်မြို့နယ်၌ ပေးအပ်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် ကျောက်ပြသာဒ်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြင်ဦးလွင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့် ဦးဆောင်၍ ဩဂုတ် ၆ ရက်က အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရာ၌ ဖြေလျှော့ဆောင်ရွက်ပေးသည့်စနစ်သစ်နှင့် စပ်လျဉ်းသည်များကို ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက နိုင်ငံသားအရည်အချင်းပြည့်မီသူ ၄၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တာချီလိတ်မြို့နယ်၌ ပေးအပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် နိုင်ငံသားအရည်အချင်းနှင့်ပြည့်မီသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးလျက်ရှိရာ ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထိန်ဝင်းက ကျောင်းသား ၁၆၈ ဦးနှင့် ကျောင်းသူ ၂၁၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကျောက်မဲခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးဌာနမှူး ဦးအောင်ဝင်းသိန်း၊ မိုးမိတ်မြို့နယ်ဦးစီးဌာန ဦးစီးမှူး ဦးမာကုနှင့်ဝန်ထမ်းများ ဩဂုတ် ၈ ရက်က မိုးမိတ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ် လဝက)

မော်လမြိုင်ကျွန်းမြို့နယ်၌ ပေးအပ်

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြား နေ့ချင်းပြီး ထုတ်ပေးခြင်းကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ မြို့မ (၉) ရပ်ကွက် ပစ္ဆိမာရုံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသားကျောင်းသူ ၁၃၀တို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးဌေးအောင်က တာဝန်ခံကျောင်းအုပ် ဦးဝင်းညွှန့်ထံပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ဝ၆၅)

ကောလင်းမြို့နယ်၌ ပေးအပ်

ကောလင်းမြို့ မြောက်အင်းရပ်ကွက်၌ ဩဂုတ် ၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီသိန်းဇံက နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၀ ကို ရပ်ကွက်ပြည်သူများကိုယ်စား ရပ်ကွက်ပြည်သူ တစ်ဦးဖြစ်သူ ဦးနေဝင်းထံပေးအပ်သည်။ **(အပေါ်ပုံ)** ကောလင်းမြို့နယ်တွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အိမ်ထောင်စုလူဦးရေစာရင်းများကို လွယ်ကူလျင်မြန်စွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း သတင်းအတိုအထွာ ၁၄-၈-၂၀၁၁

နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးရေး မြင်းခြံ၌ရှင်းလင်း

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဌေးလှိုင်သည် ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက မြင်းခြံမြို့နယ် ရွာစည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပွဲကျင်းပသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူး ဦးဌေးလှိုင်က နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးရေး လုပ်ငန်းနှင့်ပတ်သက်၍ တက်ရောက်လာကြသည့် ကျေးရွာပြည်သူများအား ရှင်းလင်းပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးကိုကိုကြီးက မြို့နယ်အတွင်း ဆောင်ရွက်ထားရှိမှုလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ (ခရိုင် ပြန်/ဆက်)

ငါန်းဇွန်မြို့ အထက မြတ်ဆရာပူဇော်ပွဲ

ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ၏ ကောဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် အမှတ်တရတွေ့ဆုံပွဲကို အောက်တိုဘာ ၁၆ ရက် (တနင်္ဂနွေနေ့)တွင် ငါန်းဇွန်အထက အောင်ဆန်းခန်းမ၌ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ တပည့်များ တက်ရောက်နိုင်ရန်နှင့် အလှူငွေထည့်ဝင်လိုပါက ရန်ကုန်မြို့ ဦးခင်မောင်ညို (ခင်မောင်ညို-ဘောဂဗေဒ) ဖုန်း-၀၉-၅၀၆၃၇၂၈၊ ဒေါ်သန်းနွဲ့ဦး ဖုန်း-၀၉-၈၆၂၄၀၆၅၊ ဦးသိန်းဇံ ဖုန်း-၀၉-၈၆၂၃၀၀၅၊ ဒေါ်နီနီအေး ဖုန်း-၀၉-၅၁၉၄၃၂၃၊ ဦးမြင့်လွင် (နေပြည်တော်)ဖုန်း-၀၉-၄၉၂၀၆၂၈၁၊ ဗိုလ်မှူးမြတ်မိုး ဖုန်း-၀၉-၈၃၀၀၈၁၉၊ ဦးအောင်နိုင်ချစ် ဖုန်း-၀၉-၄၉၂၀၀၃၈၈၊ ဦးတင်မောင်ဝင်း (မန္တလေး) ဖုန်း-၀၉-၂၀၀၇၇၉၇၊ ဒေါ်မွေးဖြူ ဖုန်း-၀၂-၇၂၁၁၄၊ ဒေါ်ခင်မြတ်မြတ်မိုး ဖုန်း-၀၉-၂၀၅၈၃၂၂၊ ဦးသန်းလွင် (ဂျစ်) ဖုန်း-၀၉-၂၀၂၁၂၇၇၊ ဒေါ်စမ်းစမ်းမော် (မဒေါင်း) (စစ်ကိုင်း) ဖုန်း-၀၇၂-၂၁၇၄၆၊ ဒေါ်ဝင်းဝင်းနု (မိုးယံ-ကဖီး) ဖုန်း-၀၇၂-၂၁၂၀၉၊ ဦးဆန်းထွန်းဦး (မုံရွာ) ဖုန်း-၀၉-၂၁၃၂၆၁၃၊ ဒေါ်ဝင်းဝင်းဌေး (မြင်းမူ) ဖုန်း-၀၇၁-၄၀၁၂၇၊ ဦးမြင့်ဇော် (ငါန်းဇွန်)ဖုန်း-၀၆၆-၄၆၀၁၇နှင့် ဒေါ်မြင့်မြင့်မော် ဖုန်း-၀၆၆-၄၆၁၀၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၄၁၆)

ငွေစုငွေချေးအသင်း ဒီပဲယင်း၌စည်းဝေး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ဝန်ထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက ငွေစုငွေချေးအသင်းရုံးတွင် ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်စိန်က အသင်း၏တစ်နှစ်တာလုပ်ငန်း အနှစ်ချုပ်စာရင်းများ ဖတ်ကြားတင်ပြသည်။ ထို့နောက် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော အသင်းသူ အသင်းသားများ၏ သားသမီးများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ရွှေဘိုမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ရွှေဘိုခရိုင် အုပ်ချုပ်ရေးမှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် ရွှေဘိုမြို့နယ် မင်းကုန်းကျေးရွာ အမကကျောင်းဝင်းအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၇ နာရီက ယင်းကျောင်းဝင်းအတွင်း၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဦး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေစည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် နယ်မြေခံဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၄၅၀ ခန့် တက်ရောက်၍ စိန်ပန်းကြီး ၃၂၅ပင်၊ မဲဇလီ ၇၅ ပင်၊ တမာပင် ၅၀၊ စိန်ပန်းလေးပင် ၂၅၀၊ မန်ကျည်းပင် ၃၀၊ ကုက္ကိုပင် ၄၂၀ နှင့် ယင်းမာပင် ၂၀၀ စုစုပေါင်းအပင်မျိုးစုံ ၁၃၅၀ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ဆက်လက်၍ ဆောက်လုပ်ဆဲ ကျောင်းဆောင်သစ်အတွက် ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက်နေ လယ်ယာလုပ်ငန်းရှင် ဦးချစ်သိန်းက အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (ဝ၅၀)

သား၊ ငါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စဥ့်ကိုင်မြို့၌ ညှိနှိုင်းဆွေးနွေး

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့တွင် ဩဂုတ် ၉ ရက် နံနက် ၉နာရီက မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ကျောက်ဆည်ခရိုင် ဆပ်ကော်မတီအတွင်းရေးမှူး ဒေါက်တာရဲထွန်းဝင်း ဦးဆောင်ပြီး တက်ရောက်လာသူများက မြို့နယ်အလိုက်ဆောင်ရွက်ရမည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ဗဟိုစံပြငါးဈေးကြီး ပုံမှန်အတိုင်း ဆက်လက်ဖွင့်လှစ်ရောင်းချသွားမည်

လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ သီရိမင်္ဂလာဈေးသစ်အနီး၌ ငါးဈေးသစ်ကြီးကို ဆောက်လုပ်ပြီးစီးခဲ့သော်လည်း ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးကို ယခင်အတိုင်း ပုံမှန်ဆက်လက်ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ရာ ဈေးရောင်း၊ ဈေးဝယ်များ စိတ်ချမ်းမြေ့စွာရောင်းဝယ်နိုင်ရေးအတွက် ကျန်ရှိနေသည့် ကွန်ကရစ်လမ်းခင်းခြင်း၊ ရေလုံလောက်စွာရရှိရန်ဆောင်ရွက်ခြင်းနှင့် အခြားသန့်ရှင်းသာယာရေးလုပ်ငန်းများကို ငါးဒိုင်ကိုယ်စားလှယ်များ အလုပ်အမှုဆောင်အဖွဲ့က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှသတင်းရရှိသည်။ (ညွှန့်သန်း)

မြန်မာ့အလင်း

ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

စခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားအဖွဲ့ချုပ်များသို့ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကွင်းရှိ တင်းနစ်အဖွဲ့ချုပ်ရုံးခန်းနှင့် အားကစားသမားများအား ချက်ပြုတ်ကျွေးမွေးမှု၊ တင်းနစ် အားကစားပစ္စည်းများ ခင်းကျင်းပြသထားမှု၊ အမျိုးသမီး၊ အမျိုးသားအိပ်ဆောင်များနှင့် အမျိုးသမီးအိပ်ဆောင်တိုးချဲ့တည်ဆောက်မည့် မြေနေရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ နည်းပြချုပ်နှင့် နည်းပြအဖွဲ့ဝင်များအားတွေ့ဆုံကာ တင်းနစ်အားကစားဖွံ့ဖြိုးတိုးတက်အောင်မြင်မှုရရှိအောင် နည်းလမ်း(၃)သွယ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အားကစားသမား သွေးသစ်များများရရှိရေးအတွက် အားကစားနှင့် ကာယပညာ သိပ္ပံသင်တန်းကျောင်းများနှင့် ပူးပေါင်းရှာဖွေရန်လိုအပ်ကြောင်း၊ လာမည့်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် အိမ်ရှင် နိုင်ငံအနေဖြင့် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် အဖွဲ့ချုပ်များအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကွင်း၌ ပဏာမလက်ရွေးစင် တင်းနစ်အားကစားသမားများ စွမ်းရည်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ပဏာမလက်ရွေးစင် အမျိုးသား/အမျိုးသမီး တင်းနစ်အားကစားသမားများ၏ စွမ်းရည်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးပြီး ပဏာမ မြန်မာ့လက်ရွေးစင်အားကစားသမားများနှင့် မျိုးဆက်သစ်အားကစားသမားများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အောင်ဆန်းအားကစားပြိုင်ဝင်းသို့ ရောက်ရှိကာ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များဖြစ်ကြသော စစ်တုရင်အဖွဲ့ချုပ်၊ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၊ ပြေးခုန်ပစ်အဖွဲ့ချုပ်၊ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ ဆေးဘက်ဆိုင်ရာဌာနစိတ်(ဆေးခန်း)၊ ကရာတေးဒိုအဖွဲ့ချုပ်၊ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ ဘော်လီဘောအဖွဲ့ချုပ်နှင့် အလေးမအဖွဲ့ချုပ်တို့၏ အားကစားလေ့ကျင့်ရေးစခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

တွေ့ဆုံ

ယင်းနောက် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့ ရောက်ရှိကာ အမျိုးသား/အမျိုးသမီး ဖူဆယ်ဘောလုံးစွမ်းရည်ပြသကစားခြင်းကို ကြည့်ရှုအားပေး၍ ပတ္တမြားအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးတွင် အားကစားဝန်ကြီးဌာနမှ တာဝန်ပေးအပ်ထားသော အရာထမ်းများအားတွေ့ဆုံသည်။

ထို့နောက် တာမွေမြို့နယ် ကျိုက္ကဆံ အားကစားကွင်းအတွင်းရှိ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ် အားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး စခန်းဝင်လေ့ကျင့်နေသည့် အားကစားသမားများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ဂျပန် နိုင်ငံတကာ ရိုးရာလက်ဝှေ့ ဒုတိယနေ့စိန်ခေါ်ပွဲ ဖိုးကေနှင့် စောငမန်းတို့ ပူးတွဲသရေ

သတင်းမှတ်စုနှင့် ဓာတ်ပုံ
တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ လမ်းညွှန်မှုဖြင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့က ကြီးမှူးပြီး H & S Group မှ စီစဉ်သော ၂၀၁၁ခုနှစ် မြန်မာ-ဂျပန် နိုင်ငံတကာ ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

ယှဉ်ပြိုင်ထိုးသတ်

ရှေးဦးစွာ ပြည်တွင်း လေးချီစိန်ခေါ်ပွဲ သုံးပွဲနှင့် ငါးချီစိန်ခေါ်ပွဲ သုံးပွဲတို့ ယှဉ်ပြိုင်ထိုးသတ်ကြသည်။

ဖိုးကေ(မြန်မာ)နှင့် ခရေဇီ ဇဇ၄ (ဂျပန်)တို့အား ဆုယူအပြီးတွေ့ရစဉ်။

ထို့နောက် မြန်မာ-ဂျပန် နိုင်ငံတကာ ရိုးရာလက်ဝှေ့ ငါးချီအထူးစိန်ခေါ်ပြိုင်ပွဲတွင် ဖိုးကေ (မြန်မာ-ဇေရက်) နှင့် ခရေဇီ ဇဇ၄ (ဂျပန်)တို့ပွဲက ပြိုင်ဆိုင်မှု ပြင်းထန်ကာပရိသတ်များအကြိုက် ပွဲတစ်ပွဲဖြစ်သည်။ ပထမအချီ၌ ဖိုးကေ (မြန်မာ)က ခရေဇီ (ဂျပန်)မျက်နှာကို ထိထိမိမိ ဘယ်ညာလက်သီးတွဲလုံးများ တရစပ်ပစ်သွင်းခဲ့သည်။ ခရေဇီက ဖိုးကေ၏ လက်သီးတွဲလုံးများကိုခံနိုင်ခဲ့သည်။ ဒုတိယအချီ၊ တတိယအချီ၊ စတုတ္ထအချီနှင့် ပဉ္စမအချီများတွင် သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ပူးတွဲသရေဖြစ်သွားသည်။

ထို့နောက် ရွှေခါးပတ်ချန်ပီယံ ဒင်္ဂါးရွှေအောင်လံ သုံးထပ်ကွမ်းစောငမန်း(မြန်မာ) နှင့် ဆာမူကာဝါ (ဂျပန်)တို့ ယှဉ်ပြိုင်ကြသည်။ ပထမအချီတွင် စောငမန်း၏ ဘယ်ညာခြေလက်ခေါင်းတွဲလုံးများဖြင့် ယှဉ်ပြိုင်မှုကြောင့် ဆာမူကာဝါ ညာဘက်မျက်လုံး အောက်ပါးပြင်တွင်ကွဲသွားကာ ပထမအချီ ပြီးသွားခဲ့သည်။ ဒုတိယအချီတွင် ဆာမူကာဝါ ဒဏ်ရာပြင်းထန်သောကြောင့် ဒိုင်ကဆရာဝန်ဆေးစစ်ချက် ခံယူရသည်။

တတိယအချီ၊ စတုတ္ထအချီနှင့် ပဉ္စမအချီတို့တွင် နှစ်ဦးစလုံးက အမှားမခံဘဲ သူတစ်ပြန် ကိုယ်တစ်ပြန်ထိုးသတ်ခဲ့ရာ ပူးတွဲသရေဖြစ်သွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖိုးကေ(မြန်မာ)၊ ခရေဇီ ဇဇ၄ (ဂျပန်) နှင့် စောငမန်း (မြန်မာ Ever Green)နှင့် ဆာမူကာဝါ (ဂျပန်)တို့အား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တစ်ဦးချင်းပြိုင်ပွဲဆက်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်းပြိုင်ပွဲကို ဩဂုတ် ၁၃ ရက်နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးမောင်မောင်လွင်နှင့် အမှုဆောင်များ၊ မြန်မာ့စစ်တုရင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ကော်မတီဝင်များ၊ အားကစားဝါသနာရှင်များလာရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်းပြိုင်ပွဲ ပထမအဆင့်ပြိုင်ပွဲ၌ ဝင်းဇော်ထွန်းနှင့် ဦးထွန်းအောင်တို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

ပြိုင်ပွဲ၏ ပထမအဆင့်ပြိုင်ပွဲပြီးစီးသွားရာ ကွာတားဖိုင်နယ်ပြိုင်ပွဲများကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီတွင် ယင်းအားကစားခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ပထမ ကွာတားဖိုင်နယ်ပြိုင်ပွဲတွင် ဝင်းဇော်ထွန်းနှင့် ဇော်ဝင်းလေး၊ ဒုတိယကွာတားဖိုင်နယ်ပြိုင်ပွဲတွင် ဦးထွန်းအောင်နှင့် အောင်မျိုးလှိုင်၊ တတိယကွာတားဖိုင်နယ်ပြိုင်ပွဲတွင် မောင်မောင်လတ်နှင့် ငြိမ်းချမ်း၊ စတုတ္ထကွာတားဖိုင်နယ်ပြိုင်ပွဲတွင် မြင့်ဟန်နှင့် တင်မောင်လွင်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မအူပင်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဒိုင်းအသက် (၂၀)နှစ်အောက် ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက်က ခရိုင်ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ပထမဆုရ အမှတ်(၆)ရပ်ကွက် ဘောလုံးအသင်းအား မြို့နယ်ခေတ္တအုပ်ချုပ်ရေးမှူး ဦးညီညီက တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်စဉ်။ (ဝဇိရ)

နိုင်ငံတကာအားကစား

ယူ-၂၀ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲများ ယှဉ်ပြိုင် ပေါ်တူဂီနှင့် မက္ကဆီကို အကြိုဗိုလ်လုပွဲတက်ပြီ

ဘိုဂိုတာ ဩဂုတ် ၁၄

အသက် ၂၀ အောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (ယူ-၂၀) ကွာတားဖိုင်နယ်ပွဲများကို ကိုလံဘီယာနိုင်ငံ၌ ဩဂုတ် ၁၄ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်ကိုလံဘီယာနှင့် မက္ကဆီကိုတို့ပွဲတွင် မက္ကဆီကိုအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အိမ်ရှင်ကိုလံဘီယာအသင်းသည် အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ရေးအတွက် ပွဲအစမှာပင် တိုက်စစ်ဖွင့်ကစားခဲ့သည်။ သို့သော် မက္ကဆီကိုအသင်းက တစ်ဦးချင်းဘောလုံးကျွမ်းကျင်မှုနှင့် အပေးအယူမှန်ကန်မှုတို့ကြောင့် အဖွင့်ဂိုးကို ၃၈မိနစ်၌ တောရက်စ်က ပယ်နယ်တီဖြင့် စတင်ဂိုးသွင်းယူနိုင်ခဲ့သည်။ အိမ်ရှင်ကိုလံဘီယာအသင်း ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ ဒုတိယပိုင်း ပွဲချိန် ၆၄ မိနစ်၌ မက္ကဆီကို ဂိုးဧရိယာအစပ်မှ အမှတ်မထင် ကန်သွင်းယူသည့် ဘောလုံးမှာ မက္ကဆီကို ဂိုးသမားဖမ်းမိသော်လည်း လွတ်ထွက်ပြီး ပေါင်အောက်မှ ဂိုးဝင်သွားခဲ့သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်နေသည်။ ထို့နောက် မက္ကဆီကိုအသင်းမှ ရီဗီရာက နှစ်ဂိုးဆက်တိုက်သွင်းယူနိုင်ခဲ့သဖြင့် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး မက္ကဆီကိုတို့ အကြိုဗိုလ်လုပွဲ တက်ရောက်သွားပြီ ဖြစ်သည်။

အနိုင်ရ

ထို့အတူ ပေါ်တူဂီနှင့် အာဂျင်တီးနားတို့ပွဲတွင် ပွဲချိန်ပြည့်သည်အထိ ဂိုးမရှိသရေပွဲဖြစ်နေ၍ ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းရာ ပေါ်တူဂီက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ (အင်တာနက်)

မောင်မောင်မြင့်ဆွေ
ရေးသားသည်

ရာသီအဖွင့်ပွဲစဉ်၌ မန်ယူတို့ အပြုံးဆင့်ခဲ့ ချယ်လ်ဆီးတို့ သရေပွဲဖြင့်ကျေနပ်ခဲ့ရ

လန်ဒန် ဩဂုတ် ၁၄

ပရီမီယာလိဂ် အဖွင့်ပွဲစဉ်များကို ဩဂုတ် ၁၄ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဝက်စ်ဘရွန်းနှင့်မန်ယူတို့ပွဲတွင် မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ မန်ယူတို့ ရာသီအဖွင့်၌ အပြုံးဆင့်ခဲ့သော်လည်း စတုတ်နှင့်ချယ်လ်ဆီးတို့ပွဲတွင် ဂိုးမရှိသရေဖြစ်ပြီး ချယ်လ်ဆီးတို့ တစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့သည်။

*ပရီမီယာလိဂ် လက်ရှိချန်ပီယံမန်ယူသည်အဖွင့်ပွဲစဉ်၌ သုံးမှတ်အပြည့်ရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန်၁၃မိနစ်၌ပင် ဂိုးဧရိယာအတွင်းမှ ရွန်နေ(**အပေါ်ယာပုံ**) ဘယ်ခြေဖြင့် အပိုင်ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။ သို့သော် အိမ်ရှင် ဝက်စ်ဘရွန်းတို့က ၃၈မိနစ်၌ တိုက်စစ်မှူးလွန်းက ချေပဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်း၌ တစ်ဂိုးစီ သရေပွဲ ဖြစ်နေခဲ့သည်။ ပွဲချိန် ၈၆မိနစ်၌ ဘယ်ခြမ်းမှ အက်ရှ်လေယမ်းတစ်ဦးတည်းဆွဲယူလာပြီး ကန်သွင်းယူခဲ့သဖြင့်မန်ယူတို့ဒုတိယဂိုးရရှိကာ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရကာ သုံးမှတ်အပြည့် ရရှိခဲ့ခြင်းဖြစ်သည်။* ***(အင်တာနက်)***

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် ပျော်ဘွယ်မြို့နယ် အမေထိန်းခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မိုးစပါး သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးမှု မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် ဩဂုတ် ၁၀ ရက် နံနက် ၈နာရီခွဲတွင် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် အမေထိန်းခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံရာ ပျော်ဘွယ်မြို့နယ် ခေတ္တအုပ်ချုပ်ရေးမှူး ဦးဝင်းခိုင်က မြို့နယ်၏ ဒေသအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းမှာကြား

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျှော့နည်းပပျောက်ရေး လုပ်ငန်း(၈)ရပ် အစီအစဉ်များကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် အတွင်းရှိ ယဲကြီးကျေးရွာ၊ ညဏ်တောကျေးရွာနှင့် ကျောက်တိုင်ကျေးရွာများသို့ သွားရောက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ် ချေးငွေ ချေးငှားပေးခဲ့သည့် အခြေအနေများ၊ အသေးစားငွေစုငွေချေးအသင်းများ ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးနှင့် ကျေးလက်မီးလင်းရေးဆိုင်ရာများ ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းမှာကြား၍ ကျေးရွာများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ပျော်ဘွယ်မြို့နယ် ဝက်လက်ကျေးရွာ ကွင်းအမှတ်(၁၁၁) ဦးပိုင်အမှတ် (၁၄၃/၂)ရှိ တောင်သူများ၏ မိုးစပါး သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝမ်းတွင်းမြို့နယ် မကျီးအုပ်ကျေးရွာနှင့်ဂုဏ်ရွာတို့မှ တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအခြေအနေများကို ရှင်းလင်းဆွေးနွေးကာ ကျေးရွာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ နေပြည်တော်၌ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီကကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ တတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ဆောင်ရွက်

အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ တတိယနေ့တွင် နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာကုမ္ပဏီများမှ ရတနာကုန်သည်များသည် ဇရိယာအလိုက် ခင်းကျင်းပြသထားသော အဆင့်နိမ့် အသားကျောက် အတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာ ရွေးချယ်မှတ်သားကြပြီး **(အပေါ်ပုံ)** စျေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီမှ တာဝန်ရှိသူများက လိုက်လံကြီးကြပ်၍ လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

အဆိုပါ အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲတွင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျောက်စိမ်းအရိုင်းအသားကျောက် C (စီ) အဆင့်၊ D (ဒီ)အဆင့်နှင့် အဆင့်အလွန်နိမ့်သော ကျောက်စိမ်းအတွဲပေါင်း ၂၀၅ တွဲကို ပြည်တွင်း ရတနာကုန်သည်များအား မြန်မာကျပ်ငွေဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

နေပြည်တော်၌ကျင်းပသည့် အဆင့်နိမ့်ကျောက်စိမ်းအသားကျောက် ရောင်းချပွဲတွင် ဩဂုတ် ၁၂ ရက်မှ ယနေ့အထိ ကျောက်စိမ်းအသားကျောက်အတွဲများကို ကြည့်ရှုရွေးချယ်ခြင်းနှင့် စျေးနှုန်းအဆိုပြုလွှာများ ထည့်သွင်းခြင်းတို့ကို ပြုလုပ်ကြမည်ဖြစ်ပြီး ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက် တို့တွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဝယ်ယူကြရမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမြို့နှင့်ရွှေဂွန်းကျေးရွာတို့၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်

နေပြည်တော် ဩဂုတ် ၁၄

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် ဩဂုတ် ၉ ရက်တွင် ရွှေဂွန်းကျေးရွာမှ ရေဘေးသင့် အိမ်ထောင်စုများအား ယာယီနေရာချထားသည့် ရွှေဂွန်းကျေးရွာအထက်ကျောင်းတိုက် ဓမ္မာရုံ ယာယီရေဘေးကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး ရေဘေးသင့် အိမ်ထောင်စုများအား အားပေးစကားပြောကြားကာ အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် တစ်သောင်းစီနှင့် အဝတ်အထည်၊ ဆန်၊ စားသောက်ဖွယ်ရာများနှင့် စားဖိုဆောင်သုံးပစ္စည်းများကို လှူဒါန်းသည်။

ထို့နောက် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားရှိသည့် ဆေးပေးခန်း၌ ရေဘေးသင့်အိမ်ထောင်စုဝင်များနှင့် ကျေးရွာ ရွာသူ/ရွာသားများအား ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ကုသခြင်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး ဘားအံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၆၁စုနှင့် တောင်တန်းသာသနာပြု ပရဟိတကျောင်း၌ ဖွင့်လှစ်ထားသည့် ရေဘေးသင့် အိမ်ထောင်စု ၇၀တို့အား ထောက်ပံ့ငွေ၊ အဝတ်အထည်၊ ဆန်၊ စားသောက်ဖွယ်ရာနှင့် စားဖိုဆောင်သုံးပစ္စည်းများ လှူဒါန်းသည်။

ယင်းနောက် အမှတ်(၂)ရပ်ကွက် ရွှေယဉ်မျှော်ပြည်တော်ဇေစေတီတော်၌ ဖွင့်လှစ်ထားသော ယာယီ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး စေတီရင်ပြင်ရှိ ဓမ္မာရုံ၌ ရေဘေးသင့် အိမ်ထောင်စု ၁၈၃စုမှ မိသားစုဝင်များအား အမှတ်(၅)စစ်မြေပြင် ဆေးတပ်ရင်းနှင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီးတို့မှ ဆရာဝန်များက ရောဂါရှာဖွေ စမ်းသပ်ကုသပေးနေမှုကို လှည့်လည်ကြည့်ရှုပြီး ထောက်ပံ့ငွေ၊ အဝတ်အထည်၊ ဆန်၊ စားသောက်ဖွယ်ရာနှင့် စားဖိုဆောင်သုံးပစ္စည်းများကို လှူဒါန်းသည်။

ထို့နောက် ဘားအံမြို့ အနောက်ဘက်ကမ်းရှိ မြိုင်ကလေး၊ ကူးဆိပ်၊ ဖားပုကျေးရွာများရှိ ရေဘေးသင့် မိသားစုဝင်များအား သွားရောက်ကြည့်ရှုအားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုအားပေးစဉ် ရေဘေးသင့်မိသားစုဝင်များအတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေတစ်အိမ်ထောင်လျှင်ငွေကျပ်တစ်သောင်းစီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လှူဒါန်းသော စားဖိုဆောင်သုံးပစ္စည်းများ၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ လှူဒါန်းသော ကျောင်းသုံးဗလာစာအုပ်၊ ခဲတံနှင့် ဆေးဝါးပစ္စည်းများ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ဆန်၊ ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ ဆီ၊ ဆား၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်(မော်လမြိုင်)နှင့် ဘားအံတပ်နယ် မိသားစုများက အဝတ်အထည်များ ထောက်ပံ့ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဩဂုတ် ၁၁ ရက်တွင် အမှတ်(၂)ရပ်ကွက် သစ္စာလမ်းရှိ ခါဒေမွလ်အစ္စလာမ် ပရဟိတစာသင်ကျောင်း၌ ဖွင့်လှစ်ထားရှိသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ရေဘေးသင့် အိမ်ထောင်စု ၆၃စုတို့အား လည်းကောင်း၊ အမှတ်(၁) ရပ်ကွက်ရှိ သုမေဓာရာမ ကြားတောရကျောင်းရှိ ယာယီရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့် အိမ်ထောင်စု ၅၆စုတို့အား လည်းကောင်း၊ အမှတ်(၅) ရပ်ကွက်ရှိ တောင်တန်းသာသနာပြုပရဟိတကျောင်း ဖွင့်လှစ်ထားသည့် ရေဘေးသင့်အိမ်ထောင်စု (၇၀)အား လည်းကောင်း၊ အမှတ်(၁)ရပ်ကွက်ရှိ မိုးလုံလေလုံအားကစားရုံ၌ ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၂၀၇စုတို့အား လည်းကောင်း ဆန်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ဖြူခရိုင် ပညာရည်ချွန်ဆုပေးပွဲသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၁၄

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဦးမြအောင်၊ ပြည်နယ်စိုက်ပျိုးရေး၊ ပညာရေးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျောက်ဖြူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်နှစ်ဆောင် ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးညှိနှိုင်း

ထို့နောက် ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းဆောင်ရွက်နေသည့် CNPC ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ခရိုင်အတွင်း စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများ ဆောက်လုပ်လှူဒါန်းမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းသည်။

ကြည့်ရှု

ဆက်လက်၍ ကျောက်ဖြူမြို့ တောင်ရင်းရပ်ကွက်၌ ဘိုးဘွားရိပ်သာ ဆောက်လုပ်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီတွင် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျင်းပသည့် ကျောက်ဖြူခရိုင် (၂၀၁၁)ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ပြန်လည်ပေးအပ်

အခမ်းအနားတွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်နိုင်ရန်အတွက် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းများ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး စစ်ဆေး

နေပြည်တော် ဩဂုတ် ၁၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် ဩဂုတ် ၁၂ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မြောက်ပြင်ရှိ မြောက်ပြင် ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး ခွဲရုံ Control Room ခန်းမ၌ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း) စီမံကိန်းမန်နေဂျာ ဦးကျော်ခိုင်ထွန်း၏ ရွှေစာရံ-မြောက်ပြင် (230) KV ဓာတ်အားလိုင်း OPGW ကြိုးဆွဲခြင်းပြီးစီးမှု၊ မြောက်ပြင်ခွဲရုံ Control Building တည်ဆောက် ပြီးစီးမှု၊ ခွဲရုံသို့ ပစ္စည်းများရောက်ရှိမှု၊ Switch Yard ဖောင်ဒေးရှင်း တည်ဆောက်ပြီးစီးမှု၊ မြောက်ပြင်ခွဲရုံမှ မန္တလေးမြို့အတွင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးမည့် (33) KV ဓာတ်အားအထွက်လိုင်းများ တပ်ဆင်ပေးမည့် Switch Bay များ တည်ဆောက်ပြီးစီးမှု ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

လုပ်ငန်းဆောင်ရွက်

ဆက်လက်၍ Control Room အတွင်းနှင့် Switch Yard လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် မန္တလေးမြို့ နန်းရှေ့ရှိ (33/11) KV (10) MVA တိုက်တော် ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုနှင့် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မန္တလေးမြို့ရှိ ပြည်သူများ လျှပ်စစ်မီးပြည့်ပြည့်ဝဝဖြင့် ၂၄ နာရီ မီးသုံးစွဲနိုင်ရေးအတွက် မြောက်ပြင် ပင်မဓာတ်အားခွဲရုံကို နိုင်ငံတော်အစိုးရက ငွေကြေးအမြောက်အမြားအကုန်အကျခံကာ တည်ဆောက်ပေးလျက်ရှိကြောင်းနှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ မလိုအပ်ဘဲ ဓာတ်အားပြတ်တောက်မှုမရှိစေရေး၊ အိမ်သုံးမီတာနှင့် ပါဝါမီတာ လျှောက်ထားမှုများကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ တပ်ဆင်ပေးရေး၊ ရပ်၊ ပျက်၊ နှေးမီတာများကို အမြန်လဲလှယ်တပ်ဆင်ပေးရေး၊ Unit Losses ကျဆင်းရေးတို့ကို မှာကြားကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မွန်းလွဲပိုင်းတွင် တံခွန်တိုင်ဓာတ်အားခွဲရုံနှင့် အောင်ပင်လယ်ဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေမြောင်းတူးဖော်

မြောင်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်-ပရိမ္မလမ်း မြင်းလှည်းဂိတ်အနီး ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမျိုးမင်းထွန်း ကြီးကြပ်၍ တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်းနှင့် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အောင်ဗောဓိဆုတောင်းပြည့်စေတီတော် အသံမစဲအဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်ကြည်ညို

ရန်ကုန် ဩဂုတ် ၁၄

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အောင်ဗောဓိ ဆုတောင်းပြည့်စေတီတော်၌ ကျင်းပသည့် အသံမစဲ အဘိဓမ္မာ (၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နံနက် ၉ နာရီခွဲတွင် ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ဂုဏ်ပြုအမှာစကားပြောကြားပြီး ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းက ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း တည်ထောင်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရွှေပါရမီ ကျန်းမာရေး ဖောင်ဒေးရှင်းအတွက် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက က မတည်အလှူငွေကျပ်သိန်း ၂၀၀၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ မိသားစုက ငွေကျပ်ငါးသိန်း၊ တက်လမ်းဆောက်လုပ်ရေး ကုမ္ပဏီနှင့် ရွှေပြည်နန်းကုမ္ပဏီတို့က ငွေကျပ်သိန်း ၁၀၀၀စီ အပါအဝင် စုစုပေါင်းအလှူရှင် ၂၀၀ ကျော်တို့က ငွေကျပ်သိန်း ၅၇၀၀ကျော်နှင့် ပြည်ပမှ ပေးပို့လှူဒါန်းသော အမေရိကန် ဒေါ်လာနှစ်သိန်းခန့်တန်ဖိုးရှိ ဆေးပစ္စည်းကိရိယာများကို လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက လက်ခံကြသည်။

ချီးမြှင့်

ထို့နောက် ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက က ဩဝါဒကထာ မြွက်ကြားကာ အနုမောဒနာတရား ချီးမြှင့်သည်။ **(သတင်းစဉ်)**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဩဂုတ် ၁၃ရက် နံနက်ပိုင်းတွင် တောင်ငူခရိုင် တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စု ကြာအင်းကျေးရွာရှိ ပဲခွဲစက်၌ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပဲခွဲစက်လုပ်ငန်း ဆောင်ရွက်နေသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပဲခူးနှင့်တောင်ငူခရိုင်အတွင်းရှိ ရေဘေးဒုက္ခသည်များအတွက် လိုအပ်သော စားနပ်ရိက္ခာများ ပံ့ပိုးပေးရန် စီစဉ်ထားရှိမှုများကို ပြောကြားသည်။

ဆက်လက်၍ တောင်ငူမြို့နယ် ကန်ရိုးကျေးရွာ၌ မုန့်ဟင်းခါးခြောက်လုပ်ငန်းကိုလည်းကောင်း၊ ဖြူးမြို့နယ် လင်းယောခင်ကျေးရွာအုပ်စု လင်းယောခင်ကျေးရွာ၌ ဝါးခြင်းတောင်းရက်လုပ်မှုလုပ်ငန်းကို လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ) (သတင်းစဉ်)**

အာဆီယံစာရင်းကိုင်များအဖွဲ့၏ (၁၀၅)ကြိမ်မြောက်ကောင်စီအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံ စာရင်းကောင်စီက ကြီးမှူးကျင်းပသည့် အာဆီယံစာရင်းကိုင်များအဖွဲ့၏ (၁၀၅)ကြိမ်မြောက် ကောင်စီအစည်းအဝေးကို ယနေ့ နံနက်၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ စာရင်းစစ်ချုပ် ဦးမျိုးမြင့်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်(တာဝန်) နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာရင်းကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် အဖွဲ့ဝင်နိုင်ငံအားလုံးမှ ကိုယ်စားလှယ် စုစုပေါင်း ၂၈ဦးတို့ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ၂၀၁၁ ခုနှစ် ဇူလိုင် ၃၁ရက် ကုန်ဆုံးသောကာလအတွက် အာဆီယံစာရင်းကိုင်များအဖွဲ့၏ ကြားဖြတ်စာရင်းနှင့် အာဆီယံနိုင်ငံများအကြား စာရင်းပညာရပ်ဆိုင်ရာ အခြေခံများအကြောင်းကို တင်ပြခြင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် အာဆီယံစာရင်းကိုင်များအဖွဲ့ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရန်ကိစ္စရပ်၏ တိုးတက်မှုအခြေအနေနှင့် အာဆီယံစာရင်းကိုင်များအဖွဲ့၏ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကာလအတွက် မဟာဗျူဟာနှင့်ပတ်သက်သည့် အဆိုပြုချက်များ၊ အာဆီယံ စာရင်းကိုင်များအဖွဲ့၏ ဦးဆောင်အကြံပေးကော်ဆီ တည်ထောင်ရန် အဆိုပြုချက်များ၊ အာဆီယံစာရင်းကိုင်များအဖွဲ့၏ ဖွဲ့စည်းပုံဆိုင်ရာ အဆိုပြုချက်များ၊ အာဆီယံစာရင်းကိုင်များအဖွဲ့၏ စီးပွားရေးဌာနနှင့် အစည်းအဝေးဆိုင်ရာကိစ္စရပ်များ၊ ASEAN Free Trade Area ၂၀၁၅ ကြိုဆိုမှုနှင့်စပ်လျဉ်းသည့် အာဆီယံစာရင်းကိုင်များအဖွဲ့၏ အခန်းကဏ္ဍ၊ အာဆီယံစာရင်းကိုင်များအဖွဲ့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လေ့ကျင့်ရေးစီမံချက်များ၊ အာဆီယံစာရင်းကိုင်အဖွဲ့မှ ထုတ်ဝေသည့် အစီရင်ခံစာများကိစ္စနှင့် (၁၀၆)ကြိမ်မြောက် အာဆီယံစာရင်းကိုင်များအဖွဲ့၏ ကောင်စီအစည်းအဝေးနှင့် (၁၇)ကြိမ်မြောက် ညီလာခံကိစ္စတို့ကိုဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

လက်ခံကျင်းပ

အာဆီယံစာရင်းကိုင်များအဖွဲ့သည် အာဆီယံနိုင်ငံအသီးသီး၏ အမျိုးသားစာရင်းပညာဆိုင်ရာ အဖွဲ့အစည်းများကို ပင်မအဖွဲ့များအဖြစ် ဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံစာရင်းကောင်စီသည် ၁၉၉၉ ခုနှစ်ကပင် ပင်မအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ အာဆီယံ စာရင်းကိုင်များအဖွဲ့တွင် ပင်မအဖွဲ့ဝင်များအပြင် အမျိုးသားစာရင်းပညာဆိုင်ရာအဖွဲ့အစည်းအဆင့်မဟုတ်သည့် အာဆီယံဒေသအတွင်းနှင့် ပြင်ပမှစာရင်းပညာဆိုင်ရာ အဖွဲ့အစည်းများကိုလည်း တွဲဖက်အဖွဲ့ဝင်များအဖြစ် လက်ခံဖွဲ့စည်းထားရာ ဩစတြေးလျ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၊ ဩစတြေးလျ ချာတာ စာရင်းကိုင်များအသင်း၊ ချာတာလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း(လန်ဒန်) တို့သည် တွဲဖက်အဖွဲ့ဝင်များအဖြစ် ပါဝင်ကြသည်။ အာဆီယံစာရင်းကိုင်များအဖွဲ့၏ ကောင်စီအစည်းအဝေးများကို သုံးလတစ်ကြိမ်အဖွဲ့ဝင်နိုင်ငံများအတွင်း အလှည့်ကျကျင်းပရာ ယခုအကြိမ်မှာ မြန်မာနိုင်ငံအနေဖြင့် ဒုတိယအကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

◆ **ရွှေဖုံးမှ**

မိုးကုတ်သို့ လည်းကောင်း၊ တွင်းငယ်လမ်းဆုံနှင့် မိုးမိတ်တို့မှ ရှမ်းပြည်နယ်သို့လည်းကောင်း၊ ငါးအိုလမ်းဆုံမှ မဘိန်းသို့ လည်းကောင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

အလွယ်တကူ

ထို့အတူ ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ နွယ်ငြိမ်း-ကျောက်မြောင်း-ရွှေဘိုမှတစ်ဆင့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းသို့ လည်းကောင်း၊ ရွှေဘို - ခင်ဦး - ရေဦး-ကလေးဝလမ်းသို့ လည်းကောင်း၊ ရွှေဘို-အရာတော်-မုံရွာ-ယာကြီး-ကလေးဝ-ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ်သို့လည်းကောင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ယခုအခါ Bored Pile လုပ်ငန်းများနှင့် Cap, Shaft, Cross Beam လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အစည်းအဝေးကျင်းပ

အာဆီယံစာရင်းကိုင်များအဖွဲ့၏ (၁၀၅)ကြိမ်မြောက် ကောင်စီအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

အထူးမွမ်းမံသင်တန်းတက်မည့် ဆရာ ဆရာမများအား မွန်ပြည်နယ်ဝန်ကြီးချုပ် အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၄

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဇဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၆)သို့ တက်ရောက်မည့် ဆရာ ဆရာမများအား ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ တွေ့ဆုံ၍ မွမ်းမံသင်တန်း တက်ရောက်နေစဉ်အတွင်း စည်းကမ်း ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများရရှိအောင် ကြိုးစားခဲ့ကြရန်၊ သင်တန်းအောင်မြင် ပြီးဆုံးပါက မိမိတို့၏လုပ်ငန်းတာဝန်များကို စေတနာအပြည့်ဖြင့် ကျေပွန်အောင် ဆောင်ရွက်ကြရုံမက နိုင်ငံတော်၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေဖြင့် ပါဝင်ကြရန် စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဩဂုတ် ၁၂ ရက် နံနက်၈နာရီတွင် မုဒုံမြို့နယ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၉)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၁၆)နှင့် အိမ်တွင်းမှုလက်မှုလုပ်ငန်း ကြိမ်သင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲ အခမ်းအနားများသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းကျောင်းအတွက် ပန်းထိုးစက်တစ်စုံကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းမော်ထံ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ သင်တန်းထူးချွန်ဆု ရရှိသူများအား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း တို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာသင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် သင်တန်းသူများ ကိုယ်တိုင်ချုပ်လုပ်ထားသည့် အဝတ်အထည်များနှင့် လက်မှုပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ရှုမငြီးမြင်ကွင်းနှင့် ကွင်းယံဆီက ညင်သာစွာ တိုက်ခတ်လာသည့် လေနုအေး အထိအတွေ့တို့ကြောင့် နှလုံးစိတ်ဝမ်း ချမ်းမြေ့ရပါ၏။

မြရောင်လွှမ်းသော မြစိမ်းရောင် လွင်ပြင်စပါးခင်းကြီးကို ပီတိသောမနဖြင့် နတ်ကရာ ကျီးမော့ ဒေးမောကြည့်ရင်း သိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄)ချက်နှင့် စပ်လျဉ်းသည့် စကားဝိုင်းကို ဆက်မိကြပြန်ပါသည်။

မေး ။ ။ သိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄)ချက်နဲ့ပတ်သက်ပြီး ဆက်ပါဦးခင်ဗျာ။

ဖြေ ။ ။ နံပါတ် (၅)က ပျိုးခင်းကို ချက်ချင်းနုတ်၊ ချက်ချင်းစိုက်ပေးရခြေထောက်နဲ့ ရိုက်၊ ပျိုးကို ကြိုးဖြင့်စည်းပြီး သယ်ယူလေ့ရှိတာကြောင့် ပျိုးပင်ရဲ့ပင်စည်တွေ ဒဏ်ရာရပြီး ကောက်ပင်လှန်ချိန် ပိုမိုအချိန်ယူရမှာဖြစ်ပါတယ်။ သိပ္ပံနည်းကျစိုက်နည်းစနစ်မှာ ပျိုးပင်ကို ညင်သာစွာနုတ်ယူပြီး ပျိုးချေးခါစရာမလိုတဲ့အတွက် ပျိုးပင်တွေဟာ စိုက်ပြီးတာနဲ့ ဆက်လက်စိမ်းလန်းပြီး ကောက်ပင်လှန်ချိန်မရှိတော့တဲ့အတွက် ပင်ပွားပိုမိုထွက်ရှိနိုင်မှာ ဖြစ်ပါတယ်။

ပင်ပွားများများရရှိ

နံပါတ် (၆)က ပျိုးပင်ကိုစိုက်ပျိုးရာမှာ တစ်လက်မခွဲအနက်(လက်တစ်ဆစ်)ထက် လုံးဝမပိုအောင် စိုက်ပျိုးရပါတယ်။ ဒါမှ ကောက်စိုက်သမက လက်ဆအတိမ်အနက်ကို ခန့်မှန်းနိုင်မှာဖြစ်ပါတယ်။ ပျိုးပင်ကို တစ်လက်မခွဲထက်ပိုစိုက်ပါက ပျိုးပင်ရဲ့ မူလအမြစ်နေရာကို အောက်စီဂျင်ကောင်းမွန်စွာ မရရှိနိုင်တဲ့အတွက် နောက်ထပ် အဆစ်တစ်ဆစ်ထပ်ထွက်ရလို့ ပင်ပွားထွက်ရှိမှုကို နောက်ကျစေပါတယ်။ ပျိုးပင်ကို တစ်လက်မခွဲအနက် စိုက်ခြင်းအားဖြင့် ကောက်ပင်လှန်ချိန် မလိုတဲ့အတွက် ပင်ပွားထွက်ချိန်စောပြီး ကျန်းမာသန်စွမ်းသော ပင်ပွားများများရရှိပါတယ်။

လက်ဆထိန်း

နံပါတ် (၇)က လက်ဆကို ကောက်မြို့တစ်မြို့မှ နှစ်မြို့စိုက်ရပါမယ်။ ဒီလိုစိုက်ပျိုးတဲ့နည်းစနစ်ဟာ လက်ရှိအသုံးပြုနေသော မိရိုးဖလာ ပျိုးနုတ်စိုက်ပျိုးတဲ့အခါ ပျိုးချေးကို မယ်။ စိုက်ခင်းကို မစိုက်မီ တစ်ရက်ကြို၍ ရေပြောင်အောင်ထုတ်ပြီး တမန်းကောင်းစွာသိပ်ပြီးမှ စိုက်ပျိုးရမှာဖြစ်မယ်။ ကောက်ကွက်တစ်ကွက်မှာ မျိုးစေ့တစ်စေ့ကနေ ထွက်ရှိလာတဲ့ ပင်ပွားလေးပင်၊ ငါးပင်ပါ ပျိုးပင်ဆိုရင် တစ်မြို့ ပင်ပွားနှစ်ပင်၊ သုံးပင်ပါ ပျိုးပင်ဆိုရင် နှစ်မြို့စိုက်ရပါမယ်။ မိရိုးဖလာနည်းဖြင့် ကြဲပက်စိုက်ပျိုးတဲ့ ပျိုးခင်းတွေမှရတဲ့ ပျိုးပင်တွေဟာ ပင်ပွားမရလို့ ကောက်ကွက်တစ်ကွက်မှာ ပျိုးပင်ငါးပင်မှ ခုနစ်ပင်ထိ စိုက်ပျိုးနေရပါတယ်။ လက်ဆများတဲ့အတွက် စပါးပင်တွေဟာ ရေနဲ့ အာဟာရဓာတ်ကို အချင်းချင်း ယှဉ်ပြိုင်လုယူနေရလို့ ပင်ပွားမသန်စွမ်းဘဲ ပိုးရောဂါတွေ ကျရောက်နိုင်တဲ့အတွက် လက်ဆကို ထိန်းသိမ်းသင့်ပါတယ်။

ပျိုးပင်အတိမ်အနက် တစ်လက်မခွဲထက်မပိုရန် အထူးသတိပြု စိုက်ပျိုးရမည်။

လက်ဆကို ကောက်မြို့ တစ်မြို့မှ နှစ်မြို့စိုက်ပျိုးပေးစဉ်။

ရေသွင်းရေခန်းစနစ်

နံပါတ် (၈)က ပင်ပွားရရှိစေရန် ရေသွင်းရေခန်းစနစ် ကျင့်သုံးရပါမယ်။ သိပ္ပံနည်းကျစိုက်နည်းစနစ်မှာ ရေသွင်းရေခန်းစနစ်ဟာလည်း အဓိကကျပါတယ်။ ဒီစနစ်ဟာ ပင်ပွားများများ ထွက်ရှိရေးကို အဓိကအားပေးတဲ့ အချက်တစ်ခုဖြစ်ပါတယ်။ ပျိုးပင်ရွှေ့ပြောင်းစိုက်ပျိုးပြီးတာနဲ့ ဆက်တိုက် ပင်ပွားထွက်ရှိဖို့အတွက် စိုက်ပြီးနောက်ရက်မှာ ရေကိုမပြတ် ပါးပါးသွင်းပေးရမှာဖြစ်ပါတယ်။ သုံးရက်မှာ တစ်ကြိမ် ထွက်ရှိလာမယ့် ပင်ပွားများ ရှင်သန်စေဖို့အတွက် ရေနှစ်လက်မ သွင်းပေးပြီး ကန်သင်းလုံအောင် ပိတ်ထားရပါမယ်။ သွင်းထားတဲ့ရေခန်းသွားမှ တစ်ဖန် ရေအသစ်ပြန်လည်သွင်းပေးတဲ့ စနစ်ဖြစ်လို့ အမြစ်များ နေရောင်ခြည်ရရှိပြီး ပိုမိုကျန်းမာသန်စွမ်းစေပါတယ်။ ဒါကြောင့် အာဟာရဓာတ်ပိုမိုစုပ်ယူနိုင်ပြီး စပါးပင် အရပ်ရှည်ထွက်မှုမြန်စေကာ အစေ့အဆန် အောင်မြင်မှုကို များပြားစေပါတယ်။ တောင်သူတွေရဲ့ မိရိုးဖလာနည်းကတော့ ရေကို မပြတ်သွင်းထားလို့ အမြစ်တွေဟာ အောက်ဆီဂျင်နဲ့ နေရောင်ခြည်ကို လုံလောက်စွာ မရရှိလို့ မသန်စွမ်းတဲ့အတွက် အမြစ်မှ စပါးပင်အပေါ်ပိုင်းသို့ ကဆီဓာတ်ပို့ဆောင်မှုနည်းပါးပြီး အပင်ကြီးထွားမှု ထိခိုက်စေပါတယ်။ ဒ့ါအပြင် ၎င်းစနစ်ဟာ ရေကို ခြွေတာရာရောက်တဲ့အတွက် ပြောင်းလဲလိုက်နာကျင့်သုံးဖို့ လိုအပ်ပါတယ်။

သိပ္ပံနည်းကျစိုက်နည်းစနစ်

နံပါတ် (၉)က ကောက်ကွက် ၁ ဒသမ ၂ သိန်းမှ ၁ ဒသမ ၅ သိန်း ဝင်အောင် စိုက်ရပါမယ်။ စပါးတစ်ဧက အထွက်နှုန်းတိုးတက်စေရေးအတွက် ကောက်ကွက်ပြည့်မီရေးကလည်း အဓိကကျပါတယ်။ တစ်ဧကမှာ ကောက်ကွက် ၁ ဒသမ ၂ သိန်းမှ ၁ ဒသမ ၅ သိန်းအထိ ဝင်ဆံ့စေရန်အတွက် တန်းကြား၊ ပင်ကြား(၈×၈) လက်မနဲ့ (၈ × ၆) လက်မစနစ်ဖြင့် စိုက်ပျိုးပြီး ၁၀ တန်း ၁ တန်းလှပ် စိုက်ပျိုးရမှာဖြစ်ပါတယ်။ ၁၀ တန်း ၁ တန်းလှပ် စိုက်ပျိုးခြင်းအားဖြင့် အပင်တွေဟာ နေရောင်ခြည်၊ လေ၊ အာဟာရဓာတ်တွေကို စပါးပင်က ညီညီမျှမျှစားသုံးနိုင်ပြီး ပေါင်းလိုက်ခြင်း၊ အပင်ပြုစုထိန်းသိမ်းခြင်း၊ ပိုးမွှားရောဂါကာကွယ်ခြင်း လုပ်ငန်းများကို လုပ်ကိုင်ရလွယ်ကူတာကြောင့် သိပ္ပံနည်းကျစိုက်စနစ် နည်းစနစ်ကို မဖြစ်မနေ ပြောင်းလဲကျင့်သုံးဖို့ လိုအပ်ပါတယ်။ သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော စိုက်ခင်းအတွင်းရှိ ပျိုးပင်များ၏ ပင်ကြား၊ တန်းကြား အတွင်းသို့ တမန်းနိုး ကိရိယာများ၊ လူများဖြင့် တမန်းနိုးခြင်း မပြုလုပ်ရပါ။ ထိုသို့ပြုလုပ်ပါက အသစ်ထွက်ရှိလာသည့် သားတက်များအား သေစေနိုင်မှာဖြစ်တဲ့အတွက် တမန်းနိုးခြင်း မပြုလုပ်မိဖို့ အင်မတန်မှ အရေးကြီးပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ရေသွင်းရေခန်းစနစ်

ပင်ပွားရရှိစေရန် ရေသွင်းရေခန်းစနစ်သုံး စိုက်ပျိုးထားစဉ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo
MRTV-4 သတင်း
၅:၃၀ **FIFA U -20 World Cup Colombia 2011 (Live)**
၇:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၆)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၈)
၉:၀၅ MRTV-4 7th Anniversary **ဂန္တဝင်သံစဉ်များ** (အပိုင်း-၃)
၁၀:၀၀ ရွှေလက်ကမ်းလို့ကြိုနေမည့် စလင်းမြေ
၁၀:၁၀ ပိဋကသုံးပုံ DVD အကြောင်းသိကောင်းစရာ
၁၀:၃၅ The Champion of Dance
၁၀:၂၀ Celebrity Choice (ကျော်ကျော်ဗို)
၁၁:၅၅ နဒီနက္ခတ်ဆိုင်ရာ သိကောင်းစရာ ဆွေးနွေးခန်း
၁၂:၂၅ A Journey to the Korea
၁၂:၄၅ နှလုံးသားမှ စကားသံများ
၁:၀၀ **မိဘကျေးဇူး** တရားတော် (ဆရာတော် ဘဒ္ဒန္တနာရဒ)
၁:၄၅ သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ
၂:၀၀ MRTV-4 သတင်း
၂:၂၀ ကြည်ဖြူ…ညီတူ…ဆုထူးယူ သူရိန်ဝင်း၏ မရှိခဏအလှူ
၂:၄၅ နွေမိုး ဆောင်း ရာသီများအတွက် အဝတ်ခြောက်စက်
၃:၀၅ ဝေါက်ရောဂါ (ပါမောက္ခဒေါက်တာချစ်စိုး)
၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ**(အပိုင်း-၉၆)
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၈)
၅:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အသည်းတံခါးများ ဟစိဟစိ**
၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ Sunday Talk
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ**(အပိုင်း-၉၇)
၇:၃၀ ဗီဒီယိုပြခန်း
၇:၅၀ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲ
၈:၀၀ MRTV-4 သတင်း
၈:၃၀ **စကားနပန်း သူများစကားနားထောင်တာကောင်းတယ်၊ သူများစကားနားမထောင်တာကောင်းတယ်**
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၉)
၁၀:၂၀ အနုပညာမိုးကောင်းကင်
၁၀:၄၀ သီးနှံစိုက်ပျိုးအထွက်တိုး **ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ**
၁၀:၅၀ International Show Biz
၁၁:၀၅ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာ သိင်္ဂီမြင့်၊ မေကဗျာ)
၁၁:၄၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဂျိုကာ)
၁၂:၀၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (နွားမွေးမြူရေး)
၁၂:၂၅ Celebrity Profile (Jet Li)
၁၂:၅၀ **အသက်ကယ်တဲ့ရှည်စေလို** မင်းရာဇာ၊ စိုးရန်အောင်၊ သီရတီ [ဒါရိုက်တာ- ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
၁:၀၀ Shooting Location (မျက်ခြယ်ခြီ)
၁:၂၅ ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၁:၅၀ မြန်မာမှုလက်ရာပန်းတဉ်းပညာ
၂:၂၀ ဒို့တိုင်း၌ာနီ ဧရာဝတီ (ပုသိမ်၊ မြောင်းမြဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းများ)
၂:၄၅ ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄:၀၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော် ကျိုက်တလန်းစေတီတော်
၄:၂၅ မေတ္တာနန္ဒမှသည် မိဘမဲ့ကလေးငယ်များဆီသို့
၄:၄၅ သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
၄:၅၀ သာသနာပျိုးခင်း

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Man City - Swansea	ESPN (Live)

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၄-၈-၂၀၁၁

ရန်ကုန်(ကမ္ဘာအေး)
၃ ဒသမ ၃၅ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)
၂ ဒသမ ၄၀ လက်မ
မအူပင်မြို့
၁ ဒသမ ၉၃ လက်မ
ဂန့်ဂေါမြို့
၁ ဒသမ ၈၅ လက်မ
ခေါင်းတူမြို့
၁ ဒသမ ၆၀ လက်မ
ဟဲဟိုးမြို့
၁ ဒသမ ၅၄ လက်မ

ရခိုင်ပြည်နယ် မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့မဈေးပတ်ဝန်းကျင်ရှိ ရေမြောင်းများ တူးဖော်ခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းကို ဩဂုတ် ၆ ရက်က ပြုလုပ်ရာ ဦးစီးအရာရှိ ဦးအောင်ကျော်ဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးသိန်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကမ်းရိုးတန်းဒေသများ၌ မိုးလျော့နည်းနိုင်

နေပြည်တော် ဩဂုတ် ၁၄

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၂၆	၂၄	နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၂	ကယားပြည်နယ်	၃၀	၂၁	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၃	ကရင်ပြည်နယ်	၂၉	၂၃	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၄	ချင်းပြည်နယ်	၂၃	၁၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၈	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၆	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၃၁	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၆	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၁	မွန်ပြည်နယ်	၃၁	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၀	၂၂	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၅	၁၉	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၅	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၇	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၀	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၄	၂၄	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၂	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာမည်	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၆	၂၆	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	ကမ်းရိုးတန်းဒေသများ၌ မိုးလျော့နည်းနိုင်သည်။

မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ ကွမ်းလုံမြို့နယ်၌ ကျင်းပ

ကွမ်းလုံ ဩဂုတ် ၁၄

ရှမ်းပြည်နယ် ကွမ်းလုံခရိုင် ကွမ်းလုံမြို့နယ် ကောင်းဟုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာမျိုးထွန်း၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်ဌေးနှင့် ကျေးရွာရပ်မိရပ်ဖ ဦးဇယ်တောင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးက ထောက်ပံ့သော ဗလာစာအုပ် ဒါဇင် ၆၀ ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းရင်က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးဆွေဝင်းက လက်ခံယူပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးယိမ်းကျန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၅ ပေရှိကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လုပ်ငန်းဆောင်ရွက်မှု နည်းစနစ်များဆိုင်ရာသင်တန်း လှိုင်သာယာ၌ဖွင့်

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းဆောင်ရွက်မှုနည်းစနစ်များဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်တင့်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းသား ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (ဝဝ၁)

ကျောင်းကျန်းမာရေးလုပ်ငန်းများ ဗဟန်းမြို့နယ်၌ ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၄

ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့်အစားအစာများအန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန် အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အမက(၃) မူလွန်ကျောင်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးရွှေက ကျောင်းကျန်းမာရေးလှုပ်ရှားမှုနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောရီက ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေး၊ အစားအစာများအန္တရာယ်ကင်းဝေးရေးနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောပြီးနောက် တိုင်းဒေသကြီး ဆရာဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ဆွေဦးနှင့် တာဝန်ရှိသူများက ကျောင်းတွင်း ကျောင်းကျန်းမာရေးပြခန်းအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ထောက်ပံ့ငွေများပေးအပ်

မြောင်းမြ ဩဂုတ် ၁၄

ကျေးလက်နေတောင်သူလယ်သမားများ လူနေမှုဘဝမြင့်မားရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြောင်းမြနဂါးကုမ္ပဏီက ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက မြောင်းမြမြို့နယ် ဝဲကလေးကျေးရွာအုပ်စု၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်က အမှာစကားပြောကြားသည်။ အခမ်းအနားတွင် မြောင်းမြနဂါးကုမ္ပဏီအနေဖြင့် မြောင်းမြမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်(၈)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် မြောင်းမြနဂါးကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင် ဦးရွှေထွန်းနှင့် ဒေါ်ခင်မိမိတို့က အောင်ခေတ်မီလယ်ယာကုန်ထုတ်အသင်း၏ တောင်သူ ၃၇ ဦး၊ မိုးစပါး ဧက ၅၀၀ အတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ ကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

စပါးစိုက်ပျိုးမှုစာရင်း အိမ်မဲ၌ ကောက်ယူ

အိမ်မဲ ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ပါရမီဒေါင့်ကျေးရွာတွင် ၂၀၁၁-၂၀၁၂ ခုနှစ် ကျေးရွာအုပ်စုအလိုက်တည်ရှိသည့် လုပ်ခွင့်ရဧကအလိုက် တောင်သူစာရင်းနှင့် စပါးစိုက်ပျိုးသည့်စာရင်း ကောက်ယူလျက်ရှိရာ ဇူလိုင် ၂၆ ရက်က မြောင်းမြခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးတင်ထွန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးခင်မောင်ဝင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ညောင်လေးပင်မြို့နယ်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ညောင်လေးပင် ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၄ ရက်က ရှမ်းရွာကျေးရွာ၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟာစိုးနှင့် စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မိုးဆွေနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တောင်သူများတက်ရောက်ကြပြီး ငါးခုံးမကြီးကောင်ရေ ၇၅၀၀၀ကို စပါးခင်းများအတွင်း စိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကြီးကြပ်ဆောင်ရွက်

မောင်တောမြို့နယ် မဟာဗန္ဓုလပန်းခြံသာယာလှပရေးအတွက် ဩဂုတ် ၅ ရက်က အဖွဲ့ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ပန်းအလှပင်စိုက်ပျိုးခြင်းများပြုလုပ်ရာ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သာယာဝတီမြို့နယ်၌ တောင်သူများအား ချေးငွေများပေးအပ်

သာယာဝတီ ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်၌ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သာယာဝတီမြို့နယ် ဝတီအောင် ငွေစုငွေချေးအသင်းကို ဩဂုတ် ၁ ရက်က အသင်း၏ မတည်ငွေကျပ် ၂၇ သိန်းဖြင့် ဖွဲ့စည်းခဲ့သည်။ အဆိုပါ ငွေစုငွေချေးအသင်းအမှုဆောင်များနှင့် အသင်းဝင်များ တွေ့ဆုံပွဲကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက သာယာဝတီမြို့၊ ရေဝေရပ်ကွက် ငွေစုငွေချေးအသင်း ရုံးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းနှင့် ချေးငွေလုပ်ငန်းအား စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် ဝတီအောင် ငွေစုငွေချေးအသင်းဥက္ကဋ္ဌ ဦးဇော်ညီညီစိန်က အသင်းဝင်များသို့ ချေးငွေများပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

အာဟာရတိုက်ကျွေး

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး၊ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်နှင့် လှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် ဩဂုတ် ၁၀ ရက်က လှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင်မူကြိုကျောင်း၌ ကလေးငယ်များအား အာဟာရတိုက်ကျွေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြစဉ်။

(မြို့နယ် မိခင်/ကလေး)

မြို့သန့်ရှင်းသာယာလှပရေး မြစ်ကြီးနားမြို့နယ်၌ ဆောင်ရွက်

မြစ်ကြီးနား ဩဂုတ် ၁၄

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်က ဦးစီးအရာရှိ ဦးလှမိုးနှင့် ဝန်ထမ်းများ မြို့သစ်ကြီးရပ်ကွက် ပြည်ထောင်စုလမ်းဘေးဝဲယာတစ်လျှောက် ချုံနွယ်များ၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ ရေမြောင်းများတူးဖော်ခြင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးစိုးနိုင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

နောင်ချို၌ သိပ္ပံနည်းကျ မိုးစပါးစိုက်ပျိုး

နောင်ချို ဩဂုတ် ၁၄

ကျောက်မဲခရိုင် နောင်ချိုမြို့နယ် သပြေရေရပ်ကွက်အတွင်းရှိ တောင်သူ ဦးစိုင်းလွင်၏ မိုးစပါးလယ်မြေ နှစ်ဧကအတွင်း သိပ္ပံနည်းကျစိုက်ပျိုးနည်းနှင့်အညီ ပျိုးနုတ်စိုက်ပျိုးနေမှု**(အောက်ပုံ)**ကို ဇူလိုင် ၃၁ ရက်က မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်သန်းလှ၊ သပြေရေရပ်ကွက် စိုက်ပျိုးရေးကြီးကြပ်မှုတာဝန်ခံ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးဆန်းမင်းထွန်းနှင့် ကွင်းတာဝန်ခံများက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြသည်။ သပြေရေရပ်ကွက်အတွင်းရှိ မိုးစပါးလျာထားဧက ၁၁၃ ဧကတွင် သိပ္ပံနည်းကျစိုက်ပျိုး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

တာမွေမြို့နယ် ကျောက်မြောင်း ဩဘာလမ်း အမှတ် ၁၃(G-A) နေ မိခင်ကြီး ဒေါ်မြငြိမ်းအားရည်စူး၍ ဖခင်ကြီး ဦးကြည်၊ သား ဦးအေးသွင်၊ သမီးဒေါ်စန်းစန်းရီ၊မြေး မထက်ထက်အောင်၊ မဖြူသဲချို မိသားစုတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလုထွန်း မေတ္တာရိပ်မွန်ကင်ဆာ ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ သူနာပြုအုပ်ဒေါ်မြင့်မေနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်နီဗယ်တို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

မူခင်းလျှော့နည်းကျဆင်းရေး လှိုင်သာယာ၌ ဟောပြော

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသော မူခင်းလျှော့နည်းကျဆင်းရေး ပညာပေးဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၆ ရက်က ရွှေလင်ပန်းရပ်ကွက် အမှတ်(၉)အခြေခံပညာအလယ်တန်းကျောင်း ခန်းမ၌ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းမင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သက်လွင်၊ စခန်းမှူး ရဲအုပ်လှအောင်နှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က မူခင်းလျှော့နည်းကျဆင်းရေးနှင့်စပ်လျဉ်း၍ သိကောင်းစရာများ ပညာပေးဟောပြောကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (ဝ၀၁)

ဟိုတယ်လုပ်ငန်းဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၄

နိုင်ငံတကာရှိ Hotel များ၊ Restaurant များနှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်ချင်သူများအတွက် Hospitality Service & Operation Course သင်တန်း အပတ်စဉ်အသစ်ကို ဩဂုတ်လ နောက်ဆုံးပတ်အတွင်း မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအဖွဲ့ (MTB) ၏ အသိအမှတ်ပြု Star Resources Hospitality & Tourism Management Academy တွင် ဖွင့်လှစ်ပေးမည်ဖြစ်ရာ အဆိုပါသင်တန်းတွင် F&B Service (အစားအသောက်တည်ခင်း ဝန်ဆောင်မှုအတတ်ပညာ(Waiter/ Waitress)၊ Housekeeping Operation (ဟိုတယ်အတွင်း သပ်ရပ်လှပအောင် ထိန်းသိမ်းခြင်း) အတတ်ပညာ (Room Attendant)၊ Bar Department များတွင်ပါ အလုပ်လုပ်ကိုင်နိုင်သော Wine Service & Cocktail ဖျော်စပ်နည်းများ၊ The Art of Napkin Folding တို့အပြင် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများအကြောင်း၊ Hotel Operation၊ ဧည့်ဝတ်ကျေပွန်မှု အတတ်ပညာ (Customer Services) စသည်တို့ကို National Vocational Qualification (UK) နှင့် Institute of AH & LA (USA) မှ Course Guide Line များနှင့်အညီ International Five Star Hotel များတွင် တာဝန်ထမ်းဆောင်ခဲ့သူများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စာတွေ့၊ လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality & Tourism Management Academy တိုက် (၂၆၇) အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ တို့ထံသို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပိုက်သွယ်တန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မြို့ပြရေပေးရေးလုပ်ငန်းဖြစ်သော ရပ်ကွက်(၆)အတွင်း ခြောက်လက်မပီဗွီစီပိုက် သွယ်တန်းခြင်းနှင့် ဂါလန် ၃၀၀၀ ဆံ့ ရေဝေကန် တည်ဆောက်ခြင်းလုပ်ငန်းကို ဩဂုတ် ၈ ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဦးချမ်းသာအောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (ဝ၆၆)

စစ်တွေမြို့၌ သွေးလွန်တုပ်ကွေးရောဂါနှိမ်နင်းရေးအတွက် ဈေးကြီးများနှင့် မြို့ပေါ်ရပ်ကွက်၊ ဝန်ထမ်းအိမ်ရာများနှင့် အခြေခံကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မိုးနှင့် ဝန်ထမ်းများ မြို့မဈေးကြီးတွင် ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၁၅-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာ့ရှုခင်း
၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ မျိုးချစ်တပ်မတော်
၄း၁၅ ၆။ စိုက်ပျိုးသုတ
၄း၂၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၈။ ဗွီစီဒီကျော်ကြားတေး
၄း၅၀ ၉။ သန့်စွာကိုင်လေ စက္ကူငွေ
၅း၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွင်ပြင်** (အပိုင်း-၂၇)
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၄။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်း နေမင်း ကြယ်တစ်စင်း** (အပိုင်း -၃၉)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဗိုတာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ Talk Of The Town
၂၂။ မေးမြန်းစူးစမ်း
၂၃။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း -၄၄)
၂၆။ Mini Series

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဘားအံမြို့ အထက(၁) ကျောင်းဝန်းကျင်နှင့် စာသင်ခန်းများတွင် ခြင်ဆေးဖျန်းခြင်းကို အမှုဆောင်အရာရှိ ဦးနီထွန်းနှင့်အဖွဲ့ ဆောင်ရွက်ကြစဉ်။

(ပညာရေး)

ပန်းအလှပင်များ ဖန်းမော်၌စိုက်ပျိုး

ဖန်းမော် ဩဂုတ် ၁၄

ဖန်းမော်မြို့တွင်း အဓိကလမ်းများဖြစ်သည့် ဗိုလ်ချုပ်လမ်း၊ လေဆိပ်လမ်း၊ မံစီလမ်း၊ ရုံးကြီးလမ်း ဘေးဝဲယာတစ်လျှောက် စက္ကူပန်း၊ ခရာဝါ၊ နွယ်သာကီ၊ ပန်းအိ၊ စိန်တံချူပျိုးပင်များ မြေချစိုက်ပျိုးခြင်း၊ ယခင်စိုက်ပျိုးပြီး ပန်းအလှပင်များ ပေါင်းရှင်းခြင်း၊ မြေဩဇာကျွေးခြင်းလုပ်ငန်းများကို ဇူလိုင် ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် ဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဩဂုတ် ၈ ရက်က ဒဂုံမြို့နယ် အထက(၂) မြို့မကျောင်း၌ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျောင်းအတွင်း အာဟာရကျွေးမွေး ဆောင်ရွက်ရာ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းမြင့်နှင့် ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းတို့ ကြည့်ရှုအားပေးစဉ်။ (ပညာရေး)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ချိုင့်ခွက်များဖြင့်လမ်းပျက်စီး၊ ပြုပြင်ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၁၀)မြောက်ရပ်ကွက် ၅ လမ်းထိပ်နှင့် ၆ လမ်းထိပ်အကြား ဓမ္မာရုံမှတ်တိုင်အနီး ယုဇနဉယျာဉ်မြို့တော် (ဒဂုံဆိပ်ကမ်းမြို့နယ်)နှင့် သစ်ဆိပ်ရပ်ကွက်များသို့သွားသော ကားလမ်းသည် သစ်လုံးတင်ယာဉ်ကြီးများ၊ ကုန်သေတ္တာတင်ယာဉ်ကြီးများ၏ ဖြတ်သန်းသွားလာမှုများကြောင့် လမ်းသည်ချိုင့်ခွက်များဖြင့် ပျက်စီးယိုယွင်းနေပြီး မကြာခဏ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်နေသည့်အပြင် ယာဉ်များတစ်စီးနှင့်တစ်စီး အလုအယက်ရှောင်တိမ်းကျော်တက်နေခြင်းကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်ပါသဖြင့် အဆိုပါလမ်းကို ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်နေပြည်သူများ**

လောင်စာဆီကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရ

စာတည်းခင်ဗျား-

သထုံမြို့နယ် ကျိုက္ကော်ကျေးရွာ တမံကြီးရပ် မင်းလမ်းမရှိ အထကကျိုက္ကော်ရှေ့တွင် ကျူထရံအကာ၊ ဖက်မိုးအဆောက်အအုံ၌ လောင်စာဓာတ်ဆီများ ပေပါကြီးများဖြင့် သိုလှောင်ထားရှိကာ ဖွင့်လှစ်ရောင်းချနေပါသောကြောင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများ မီးဘေးအန္တရာယ်စိုးရိမ်နေရပါသောကြောင့် သက်ဆိုင်ရာက အဆိုပါလောင်စာဆီဆိုင်အား သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သား**

အနံ့ဆိုးများ ပတ်ဝန်းကျင်မခံနိုင် ဆောင်ရွက်ပြီးစီး

(၁၆-၆-၂၀၁၁)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းနယ်မြေ အောက်ကျင်းရပ်ကွက်တွင် ကြက်၊ ဝက်များမွေးမြူထားမှုကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)



ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ Accessories For P.C Girders (1) Lot ကို နိုင်ငံခြားငွေ (US $ CIF Yangon)ဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၇-၈-၂၀၁၁ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၃၁-၈-၂၀၁၁ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၅း၀၀ နာရီ
၅။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၇-၈-၂၀၁၁ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၄င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဦးစီးဝယ်ယူရေးဌာန၊ ရုံးအမှတ်(၄၀)၊
နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၅၇၇၊ ၄၀၅၅၈၁

နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး ညောင်ဦးမြို့နယ်၌ ဆောင်ရွက်

ညောင်ဦး ဩဂုတ် ၁၄

ညောင်ဦးမြို့နယ် ကမ္ဘာ့နီကျေးရွာအုပ်စု ညောင်ကြီးကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းလုပ်ငန်းကို ဇူလိုင် ၃၀ ရက်က ဆောင်ရွက်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဌေးလှိုင် ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာတွင် ညောင်ဦးခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင် ကြီးကြပ်ကွပ်ကဲလျက် မြို့နယ်ဦးစီးဌာနမှူး ဦးဘုန်းနိုင်နှင့် ဝန်ထမ်းများက ညောင်ကြီးကျေးရွာရှိ ပြည်သူ ၉၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးသည်။

တွေ့ဆုံရှင်းလင်း

ထို့နောက် တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဌေးလှိုင်က ဒေသခံ ပြည်သူများနှင့်တွေ့ဆုံပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်း ထုတ်ပေးခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူလူထုက မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ခရိုင် လဝက)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပညာရေးဝန်ကြီးဌာန မြင်းခြံဒီဂရီကောလိပ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်းအသုံးပြုမည့် ပစ္စည်းများကို ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်
(က)	လက်တွေ့ခန်းသုံးပစ္စည်း	၁၄ မျိုး
	1- Digital Spectrophotometer	၁ ခု
	2- Atwood's Machine	၁ ခု
	3- Potentiometer (Aluminium)	၂ ခု
	4- Rheostat	၂ ခု
	5- Meter bridge (Aluminium)	၂ ခု
	6- Binocular lens	၁ ခု
	7- Flow meter (Made in Europe)	၁ ခု
	8- PH meter 0-14 range Battery type	၁ ခု
	9- Digital balance USA (China)	၁ ခု
	10-Assorted slides Test	၁ ခု
	11- Dissecting Microscope	၁၀ ခု
	12- Petridishes (90 mm)	၂၀ ခု
	13- Micrometer	၁ ခု
	14- Polarization Microscope (Compound Microscopic System)	၁ ခု
(ခ)	အားကစားပစ္စည်း	၆ မျိုး
	၁။ ပြေးစက်	၂ ခု
	၂။ စက်ဘီးစီးစက်	၂ ခု
	၃။ တင်-တင်စက်	၂ ခု
	၄။ ခါးလှည့်စက်	၂ ခု
	၅။ အိပ်ထမတင်ခုံ	၂ ခု
	၆။ အလေးမပစ္စည်း	၄ စုံ
(ဂ)	စက်နှင့် စက်ကိရိယာပစ္စည်း	၂ မျိုး
	1- Air Conditioner (Split Type) (1.5HP) (With Installation Material)	၃ ခု
	2- Refrigerator (2 Door)	၁ ခု
(ဃ)	ပရိဘောဂပစ္စည်း	၂ မျိုး
	1- Combined Desk (Iron) (72' x16.5' x30')	၂၀၀ လုံး
	2- Office Almirah (Wooden) (3 1/2' x1 1/2'x6')	၁၀ လုံး
(င)	အခြား	
	Text Books & Reference Books	၁ စုံ

တင်ဒါလျှောက်လွှာများကို ၁၇-၈-၂၀၁၁ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး တင်ဒါပိတ်ရက်နှင့် အချိန်မှာ ၂၄-၈-၂၀၁၁ရက် မွန်းလွဲ ၁၆း၀၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံများကို မြင်းခြံဒီဂရီကောလိပ် အင်ဂျင်နီယာဌာနတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်သိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၀၆၆-၂၂၁၄၉
၀၆၆-၂၂၁၅၃
ပစ္စည်းဝယ်ယူရေးအဖွဲ့
မြင်းခြံဒီဂရီကောလိပ်

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေဇမ္ဗူ ၁၂/အစန(နိုင်)၀၈၈၆၆၃နှင့် ဦးစည်သူ ၉/မနမ(နိုင်)၀၃၂၃၇၅ တို့သည် နှစ်ဦးသဘောတူညီစွာဖြင့် အသိသက်သေ ရှေ့နေရှေ့ရပ်တို့၏ ရှေ့မှောက်၌ ၁၃-၈-၂၀၁၁ရက်က လက်မှတ်ရေးထိုး ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မေဇမ္ဗူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ဝင်း (တရားရုံးချုပ်ရှေ့နေ)
ဦးတင်ဝင်း (B.Econ,;R.L.)
တရားရုံးချုပ်ရှေ့နေ (စဉ်-၆၄၉၀)
အမှတ်(၂၃)၊ အိမ်ကြီးလမ်း၊
(၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့

စည်းကမ်းလိုက်နာ ဘေးကင်းကွာ





သီပေါမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးသိန်းထိုက်ဦး (ငြိမ်း)၏ ဦးဆောင်မှုဖြင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများပူးပေါင်း၍ ဇူလိုင် ၃၁ ရက်က မြန်မာရပ်ကွက် သီရိမင်္ဂလာလမ်းတစ်လျှောက် ချုံနွယ်၊ ပေါင်းမြက်နှင့် အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)

ဥတုရာသီ
တောကိုမှီ၏

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ဧရာဝတီမြစ်ရေ ဇလွန်မြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၄

ဧရာဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဇလွန်မြို့တွင် ၁၁၁၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၆၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

အင်ဒိုနီးရှား၌ ပါပင်ဒါယန် မီးတောင် လှုပ်ရှားလာ၊ ဓာတ်ငွေ့နှင့် မီးခိုးများဝေဟင်သို့ မှုတ်ထုတ်နေ။(စာ-၄)



ယူ-၂၀ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲများ ယှဉ်ပြိုင်၊ ပေါ်တူဂီနှင့် မက္ကဆီကို အကြိုဗိုလ်လုပွဲ တက်ပြီ။ (စာ-၆)

ပျိုးခင်းကို ချက်ချင်း နုတ်စဉ်။

နေပြည်တော် အထူးအထွက်တိုး စံပြစိုက်ခင်း လယ်ယာခွင်မှသည် ပြည်မြန်မာ၏ လယ်ယာတစ်ခွင်ဆီသို့ အပိုင်း(၂)

နေပြည်တော် ဩဂုတ် ၁၄

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြစိုက်ခင်း လယ်ယာခွင်သို့ သွားရောက်လေ့လာကြည့်ရှုမိသည့်အခိုက်တွင် သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် ပျိုးထောင်ထားသော အထူးအထွက်တိုး မျိုးသုတေသနစိုက်ခင်းအတွင်း အနှံပြည့်ဝနေသော အထူးအထွက်တိုးစပါးခင်းကြီး၊ စပါးခင်းကြီး၏ အနားသတ်နောက်ခံက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးစသည့် *စာမျက်နှာ ၉ ကော်လံ ၁* ❐

သတင်းဆောင်းပါး
မောင်မောင်ထွေး(သတင်းစဉ်)

ဓာတ်ပုံ
ဇော်မင်းလတ်(သတင်းစဉ်)